www.dhammaransi.com

မုံရွာမြို့

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# မိုးကမ္မဝါစာတမ်း

နှင့်

ငါးရံ့မင်းပရိတ်တော်

၁၃၅၃-ခုနှစ်

ဓမ္မစေတီ
ဦးလှမောင် M.A., M.S., B.L.
ခင်မြင့် B.A.(Hons), B.Ed.
စာကြည့်တိုက်

သာသနာရေးဦးစီးဌာန

၁၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ၁၉၈၀-ပြည့်

ဓမ္မဒါနရှင်။ ။သိမ်ကြီးဈေး ဦးဘရင်-ဒေါ်မြသီ

www.dhammaransi.com

မုံရွာမြို့

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# မိုးကမ္ဘာဝါစာတမ်း

နှင့်

# ငါးရံ့မင်းပရိတ်တော်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ၁၉၈၀-ပြည့်

တတိယအကြိမ် ရိုက်နှိပ်ခြင်း၊

၁၉၇၀-ပြည့်နှစ်၊ ဇူလိုင်လ၊

စာအုပ်ရေ ၅၀၀၀၊

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် လက်ထောက် ညွှန်ကြားရေးမှူး
ဦးမြင့်မောင် မှတ်ပုံတင်အမှတ်(၀၂၄၀၅/၀၂၅၂၇)ကပုံနှိပ်ထုတ်ဝေသည်။

www.dhammaransi.com

## မိုးကမ္ဘဝါစာတမ်းနှင့် ငါးရံ့မင်း ပရိတ်တော်

# မာတိကာ


အကြောင်းအရာ — စာမျက်နှာ

မိုးပရိတ်ရွတ်ဖတ်ရန် အစီအစဉ် .... .... ၁

အစီအစဉ် (၁)

လူတို့ ဆောင်ရွက်ရန် စီမံချက် .... .... ၃

မိုးပရိတ်ရွတ်ရန် စီမံချက် .... .... ၄

အစီအစဉ် (၂)

မဟာသြကာသကြီး ဘုရားရှိခိုး ... .... ၆

အစီအစဉ် (၃)

မိုးပရိတ်မရွတ်ဖတ်မီ လူများ ငါးပါးသီလ ခံယူ၍ သံဃာတော်များ ဉပုသ်ပြုရန် .... ၈

အစီအစဉ် (၄)

ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး .... ၉

အစီအစဉ် (၅)

နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီး .... ၁၁

www.dhammaransi.com



အကြောင်းအရာ　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ

အစီအစဉ် (၆)

ရတနသုတ်, မေတ္တသုတ်စသည် ရွတ်ရန် .... ၁၂

အစီအစဉ် (၇)

အင္ဂုလိမာလ်ရိမ ?

အင္ဂဝိသတိ သမ္ဗုဒ္ဓါ ဂါထာ .... .... ၁၂

အစီအစဉ် (၈)

ငါးရံ့မင်း ပရိတ်တော် ပါဠိ .... .... ၁၃

အစီအစဉ် (၉)

မိုးကမ္ဘဝါကြီး .... .... .... ၁၅

မိုးကမ္ဘဝါဖတ်နည်း အညွှန်း .... .... ၁၉

အစီအစဉ် (၁၀)

မိုးအမိန့်တော် ပြန်တမ်းကြီး .... .... ၂၀

နိဿယများ .... .... .... ၂၅

ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး နိဿယ .... ၂၅

နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီးအနက် .... ၂၈

အင္ဂဝိသတိ သမ္ဗုဒ္ဓါဂါထာ နိဿယ .... ၃၁

ငါးရံ့မင်း ပရိတ်တော် အနက် .... .... ၃၂

ငါးရံ့မင်း သစ္စာပြုခြင်း အကြောင်းအရာ .... ၃၂

ငါးရံ့မင်း သစ္စာပြုပုံ .... .... ၃၃

သစ္စာတန်ခိုးနှင့် ပါရမီဖြစ်ပုံ .... .... ၃၄

မိုးကမ္ဘဝါကြီး နိဿယ .... .... ၃၆

မာတိကာ ပြီးပြီ။

www.dhammaransi.com

# မိုးပရိတ်ရွတ်ဖတ်ရန် အစီအစဉ်

၁။ ပရိကံ။ ။မိုးနတ်များကို ပူဇော်ပသကြရမည်။
ဤကိစ္စ ဝေယျာဝစ္စကို လူဒါယကာများက ဆောင်ရွက်ရမည်။

၂။ မဟာဩကာသကြီးနှင့် ဘုရားရှိခိုးရမည်။
"ဩကာသ ဩကာသ ဩကာသ ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ" ချီ မဟာဩကာသကြီးနှင့် ဘုရားရှိခိုးရမည်။

၃။ လူများက ငါးပါးသီလခံယူရမည်။
ရဟန်းသံဃာတော်များက သိမ်ထဲ၌ ဥပုသ်ပြုကြရမည်။

၄။ "ဝိပဿီ ဘဂဝါ" မှစ၍ ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး ရွတ်ရမည်။

၅။ နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီးကို ညီညီညာညာ ရွတ်ရမည်။

၆။ ရတနသုတ် မေတ္တသုတ် ပရိတ်များကို ရွတ်ဆိုရမည်။
(အခြားပရိတ် စသည်တို့ကိုလည်း ရွတ်နိုင်က ရွတ်နိုင်လေ ကောင်းလေ ဖြစ်သည်။)

၇။ "အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ"ချီသော ဂါထာ ၂-ပုဒ်ကို "ပုရတ္ထိမာယ ဒိသာယ"မှစ၍"ဥပရိမာယ ဒိသာယ"အထိ အရပ် ၆-မျက်နှာ စေ့အောင် ရွတ်ရမည်။

www.dhammaransi.com



အထူးမှတ်ချက်။ ။မိုးခေါင်မှုနှင့် စပ်လျဉ်း၍ ရွတ်သောအခါ၌ တခေါက် တခေါက်တွင်"သမ္မာ ဒေဝါ ပဝဿန္တု" ပုဒ်ကို ၃-ခါ ထပ်၍ ထပ်၍ ရွတ်ဆိုရမည်။ (နှာ-၁၂)

၈။ "ပုနာပရံ ယဒါ ဟောမိ" အစရှိ မိုးပရိတ်ဟု ခေါ်သော ငါးရံ့မင်းပရိတ်ကို အခေါက် ၃၀-ရွတ်ရမည်။

(တနေ့ ၃-ကြိမ်ရွတ်ရမည်။ နံနက်၊ နေ့လယ်၊ ညနေ။)

၉။ ရဟန်းတော်များက မိုးကမ္မဝါကို ၂-ခေါက်ထက် မနည်း ဖတ်ကြရမည်။

အထူးမှတ်ချက်။ ။(၁) မိုးပရိတ်ကို ရဟန်းသံဃာများ မပါပဲ လူဖြစ်သူတို့ချည်းလည်း ရွတ်နိုင်သည်။ (၂) မိုးကမ္မဝါကိုမူကား ရဟန်း ၄-ပါးထက်မနည်း ဖတ်ရမည်။ သံဃာများလေ ကောင်းလေ။ မိုးကမ္မဝါ ဖတ်ရာ၌ ရဟန်းခံ ကမ္မဝါ စသည်တို့ကဲ့သို့ ပြင်းထန်စွာ ရွတ်မှု မလိုလှ။ အသံကျယ်စွာ ရွတ်မှုသာ လိုလှ၏။

၁၀။ မိုးအမိန့်တော်ပြန်တမ်းကြီးကို လူဖြစ်စေ ရဟန်းဖြစ်စေ ရွတ်နိုင်၏၊

www.dhammaransi.com

# မိုးကာမွဝ ါဒခတာမ်း

နှင့်

# ငါးရံ့မင်းပရိတ်တော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အစီအစဉ် (၁)

### လူတို့ဆောင်ရွက်ရန် စီမံချက်

မုံရွာမြို့နယ်မှာ မိုးအလွန်ခေါင်နေသည်ဟု ဆရာတော်ကြားသိရသောကြောင့် ဝါဆိုလပြည့် စနေနေ့တွင် မိုးပရိတ်တော်ကြီး ရွတ်ကြရန် စီမံချက်ကို မုံရွာမြို့ ( လယ်တီတိုက် ) သို့ ပေးပို့လိုက်သည်။

ထိုနေ့သို့ ရောက်သောအခါ မြို့ရွာနေ လူအများတို့က မိုးနတ်များကို ပူဇော်ပသကြကုန်ရမည်။

ပသပုံကား—

၁။ သက်သတ်မပါသော ထမင်း, ဟင်း, မုန့်ပဲ သရေစာ, အုန်း, ငှက်ပျော, ဆေး, ကွမ်း, လက်ဖက်, သစ်သီးဝလံ, ပန်းမန်များ စုံလင်စွာနှင့် ပွဲ ၇-ပွဲ ပြုလုပ်၍ တပွဲမှာ ဘုရားပူဇော်ရန်၊

၂။ တပွဲမှာ သီတဝလာဟက နတ်များ ပူဇော်ရန်၊

၃။ တပွဲမှာ ဥဏှဝလာဟက နတ်များ ပူဇော်ရန်၊

www.dhammaransi.com



၄။ တပွဲမှာ အဗ္ဘဝလာဟက နတ်များ ပူဇော်ရန်၊

၅။ တပွဲမှာ ဝါဘဝလာဟက နတ်များ ပူဇော်ရန်၊

၆။ တပွဲမှာ ဝဿဝလာဟက နတ်များ ပူဇော်ရန်၊

၇။ တပွဲမှာ ပဇ္ဇုန္နနတ်များ ပူဇော်ရန်ဟု အသီးအသီး လိပ်ကမ္ပည်းရေးထိုး၍ ဘုရားရှေ့မှာ ခင်းကျင်းကြပြီးလျှင် ထိုနတ်များကို ပင့်ခေါ်ကြရမည်။

ပင့်ခေါ်ပုံကား——

"အို–မိုး၏ဆိုင်ရာ ဝလာဟကနတ်, ပဇ္ဇုန္နနတ်, မိုးရပ်ပျော်ပါး နတ်မင်းများတို့....အကျွန်ုပ်တို့က ပင့်ခေါ်ကြပါကုန်သည်၊ညီညာဖြိုဖြို လာရောက်ကြပါကုန်လော့၊အကျွန်ုပ်တို့က ပသ ပူဇော်ကြကုန်သော ပူဇော်သကာများကိုလည်း ကြည်ဖြူစွာ ခံယူသုံးဆောင်ကြပါကုန်လော့၊ ရဟန်းသံဃာတော်များရွတ်ဖတ်သော မိုးပရိတ်တော်ကြီးများကိုလည်း နာယူကြပြီးလျှင် အရေးထန်စွာ မိုးရွာစေကြပါကုန်လော့"—

ဟု အသံကျယ်စွာနှင့် ဤစာကို ၃-ခေါက် ရွတ်ဖတ်ကြရမည်၊ ၎င်းနောက် ညနေ ၆-နာရီ အချိန်ကျမှ ထိုပူဇော်သကာပွဲများကို စုပေါင်း၍ လယ်တီတောရှိ အမနုဿများကိုပါ များစွာ ကျွေးမွေးကြရမည်။

[ဤကား လူတို့ဆောင်ရွက်ရန် စီမံချက်တည်း။]

## မိုးပရိတ်ရွတ်ရန် စီမံချက်

တိုက်ရှိ သံဃာတော်များမှာလည်း ထိုနေ့၌ ဆွမ်းခံမသွားကြမူ၍ ကျောင်းတွင်သာ နံနက်ဆွမ်း နေ့ဆွမ်းများကို ပြီးစီးကြစေရမည်၊

www.dhammaransi.com



တိုက်တွင်းရှိ ရဟန်းသံဃာတော်များသည် တိုက်လယ်ရှိ အုတ်ကျောင်းကြီးပေါ်မှာ အကုန် စည်းဝေး၍ နံနက် ၈-နာရီတကြိမ်, နေ့လယ် ၁၂-နာရီတကြိမ်, ညနေ ၄-နာရီတကြိမ် မိုးပရိတ်ကြီး ရွတ်ဖတ်ကြရမည်။

ရွတ်ဖတ်ပုံမှာ—

"ဩကာသ .... ဩကာသ .... ဩကာသ .... ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ" ချီသော မဟာဩကာသကြီးနှင့် ဘုရားရှိခိုးကြပြီးလျှင် "ဝိပဿိ ဘဂဝါ" မှ စ၍ ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး, နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီးများကို ညီညာစွာ ရွတ်ဆိုကြပြီးနောက် "အဋ္ဌဝိသတိ သမ္ဗုဒ္ဓါ" ချီသော ဂါထာနှစ်ပုဒ်ကို "ပုရတ္ထိမာယ ဒိသာယ" စသည် ဆို၍ "ဥပရိမာယ ဒိသာယ"အထိ အရပ် ၉-မျက်နှာစေ့အောင် ရွတ်ဆိုရမည်။

ထို့နောက် "ပုနာပရံ ယဒါ ဟောမိ" အစရှိသော ငါးရံ့မင်းပရိတ်တော်ကြီးကို အခေါက်ပေါင်း ၃၀-စေ့အောင် ရွတ်ဆိုကြရမည်။

နံနက်အကြိမ်မှာ (၃၀)၊ နေ့လယ်အကြိမ်မှာ (၃၀)၊ ညနေအကြိမ်မှာ (၃၀)၊ အခေါက်ပေါင်း (၉၀) ရ၏၊ မိုးသည် ၂-ရက် ၃-ရက်အတွင်းမှာ ကေန်ရွာလိမ့်မည်။

ဝါဆိုလပြည့်နေ့ မိုးပရိတ်ကြီး ရွတ်ကြပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့တိုင် မိုးလအတွင်းမှာ စနေနေ့-စနေနေ့တို့၌ ညဝတ်တက်

www.dhammaransi.com



ကြသောအခါ အခေါက် ၃၀-ကျ ရွတ်ကြရမည်၊ ကြွင်းနေ့တို့၌ တည လျှင် ၃-ခေါက်ကျ ရွတ်ကြရမည်။

ကဆုန်လ,နယုန်လတို့မှာ မိုး ကြီးစွာ ခေါင်၍ နေခဲ့လျှင်လည်း ထို နည်းတူ ရွတ်ကြကုန်ရမည်။

မိုးသည် လုံလောက်စွာ ရွာသွန်းသောအခါ၌ ငါးရံ့မင်း ပရိတ် ရွတ်မှုကို ချန်လှပ်၍ ကြွင်းပရိတ်များကိုသာ ရွတ်ကြရမည်။

ငါးရံ့မင်းပရိတ်မှာ စရိယာပိဋက ပါဠိတော်တွင် ရှိလေ၏၊ ပရိတ်ရွတ်ကြသောအခါ၌ အညီအညာလိုလှ၏၊ စာအုပ်ကို ကြည့်၍ ရွတ်ဖတ်ကြလျှင် ညီညာတတ်၏၊ ပရိတ်ရွတ်ရာမှာ ရှင်သာမဏေများ မပါစေရ၊ ပရိတ်မရွတ်မီ တရက်က ညီညာအောင် ညှိ၍ထားကြ ရမည်။

မောင်သုန္ဒရ, မောင်ဉာဏဘာသ, မောင်အာသဘတို့က ပရိတ် ပွဲကြီး ချောမောစွာ ပြီးစီးအောင် အထူးကြောင့်ကြ စိုက်ထုတ်ကုန် ရမည်။

ပွဲပြီးသည့်နောက် ၂-ရက်, ၃-ရက် လွန်သောအခါ မိုးရွာလျှင် ရွာကြောင်း,မရွာလျှင် မရွာကြောင်း ဆရာတော်ထံ စာနှင့် လျှောက် ကြားရမည်။

[ဤကား မုံရွာမြို့ လယ်တီတိုက်ကြီးမှာ မိုးပရိတ်ရွတ်ရန် စီမံချက်ကြီး တည်း။]

"တနိုင်ငံလုံးမှာလည်း မိုးကြီးစွာ ခေါင်၍ နေသော မြို့ရွာတို့၌ ထိုထို မြို့ရွာရှိ ဆရာတော် သံဃာတော်တို့နှင့် သုံးဃသာမဂ္ဂီ အသင်းကြီးများတို့သည် ထိုမုံရွာမြို့အတူ မိုး

www.dhammaransi.com



ပရိတ်ကြီးများကို အားထုတ်၍ ရွတ်နိုင်ကြပါကုန်လျှင် (၈၅) ခုနှစ် ဝါဆိုလမှစ၍ (၈၈) ခုနှစ် ဝါဆိုလပြည့်ထိ ၃-နှစ် တိုင်တိုင် တကမ္ဘာလုံး၌ မိုးကြီးစွာခေါင်လိမ့်မည်ဟု ယခုနှစ် နယုန်လဆုတ် ၇-ရက်နေ့ ထုတ်ဝေသော ပညာအလင်း သတင်းစာတွင် ပါရှိသော (အင်္ဂလန္ဒာ ဆွာမိပုလဲ) ဆရာကြီး ၏ ဟောကိန်းကြီးကို ငါတို့ မြန်မာနိုင်ငံအတွက် ကေန်အမှန် ကွယ်ကာနိုင်ကြကုန်လတ္တံ့ ''။

ထိုထို မြို့ရွာ၌ ဆရာတော် သံဃာတော်တို့နှင့်တကွ သံဃာသာမဂ္ဂီ အသင်းကြီးများ၏ တာဝန်ကြီးပေတည်း။

---

## အခန်းအစဉ် (၂)

## မဟာသြကာသကြီး ဘုရားရှိခိုး

သြကာသ သြကာသ သြကာသ ဘုန်းတော်အနန္တ ဂုဏ်တော် အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသော—

အရှင်ဝိပဿီ မြတ်စွာဘုရားကိုယ်တော်၊
အရှင်သိခီ မြတ်စွာဘုရားကိုယ်တော်၊
အရှင်ဝေဿဘူ မြတ်စွာဘုရားကိုယ်တော်၊
အရှင်ကကုသန် မြတ်စွာဘုရားကိုယ်တော်၊

---

မှတ်ချက်။ ။ [" "ဤအမှတ်အတွင်းရှိ စာတမ်းကား ဆရာတော်ဘုရား ကျမ်းရေးသည့်အချိန်၌ ပေါ်ပေါက်လာသော ဟောကိန်းဖြစ်၍ အကြောင်း အားလျော်စွာ ဆရာတော်ဘုရား သတိပေးသော စာတမ်းဖြစ်သည်။]

www.dhammaransi.com



အရှင်ကောဏာဂုံ မြတ်စွာဘုရားကိုယ်တော်၊
အရှင်ကဿပ မြတ်စွာဘုရားကိုယ်တော်၊
အရှင်ဂေါတမ မြတ်စွာဘုရားကိုယ်တော်၊

ဤ (၄) ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ အမြဲကိန်းစက် တည်နေတော်မူကြပါစေကုန်သတည်း။

ဤ (၄) ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်၏ ဝဲ,ယာ ၂ ဘက် ပခုံးထက်၌ အမြဲကိန်းစက်တည်နေတော်မူကြ ပါစေကုန်သတည်း။

ဤ (၄) ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်၏ အဆုတ်အသဲ နှလုံးထဲ၌ အမြဲကိန်းစက် တည်နေတော်မူကြ ပါစေကုန်သတည်း။

ဤ (၄) ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့ကို ဦးထိပ်ထား၍ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏ ဘုရား။

---

## အစီအစဉ် (၃)

မိုးပရိတ်မရွတ်ဖတ်မီ လူများက ငါးပါးသီလခံယူရမည်။
ရဟန်းသံဃာတော်များက သိမ်ထဲ၌ ဥပုသ်ပြုကြရမည်။

www.dhammaransi.com

# အစီအစဉ် (၄)

## ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး

၁။ ဝိပဿိ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၂။ သိခီ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၃။ ဝေဿဘူ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၄။ ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၅။ ကောဏာဂမနော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တ-ပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၆။ ကဿပေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

www.dhammaransi.com



၇။ အမှာကံ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော အနန္တဉာဏော အနန္တဂုဏော အနန္တတေဇော အနန္တလဒ္ဓိ အနန္တဇုတိ။

သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တပုညာ အနန္တဉာဏာ အနန္တဂုဏာ အနန္တတေဇာ အနန္တလဒ္ဓိမန္တာ အနန္တဇုတိမန္တာ၊ မယှံ ဒီပါ၊ မယှံ နာထာ၊ မယှံ ပတိဋ္ဌာ၊ မယှံ တာဏာ၊ မယှံ လေဏာ၊ မယှံ ပဋိသရဏာ။

၁။ အနန္တပုညာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ပုညစက္ကေဟိ မံ ရက္ခန္တု။

၂။ အနန္တဉာဏာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဉာဏစက္ကေဟိ မံ ရက္ခန္တု။

၃။ အနန္တဂုဏာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဂုဏစက္ကေဟိ မံ ရက္ခန္တု။

၄။ အနန္တတေဇာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ တေဇစက္ကေဟိ မံ ရက္ခန္တု။

၅။ အနန္တလဒ္ဓိမန္တာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ လဒ္ဓိစက္ကေဟိ မံ ရက္ခန္တု။

၆။ အနန္တဇုတိမန္တာ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တေဟိ ဇုတိစက္ကေဟိ မံ ရက္ခန္တု။

ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ၊ သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး ပြီး၏။

www.dhammaransi.com

# အစီအစဉ် (၅)

## နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီး

တဏှင်္ကရော မေဓင်္ကရော သရဏင်္ကရော ဒီပင်္ကရော ကောဏ္ဍညော မင်္ဂလော သုမနော ရေဝတော သောဘိတော အနောမဒဿီ။ ။[၁၀-ဆူ]

ပဒုမော နာရဒေါ ပဒုမုတ္တရော သုမေဓော သုဇာတော ပိယဒဿီ အတ္ထဒဿီ ဓမ္မဒဿီ သိဒ္ဓတ္ထော တိဿော။[၂၀-ဆူ]

ဖုဿော ဝိပဿီ သိခီ ဝေဿဘူ ကကုသန္ဓော ကောဏာ-ဂမနော ကဿပေါ အမှာကံ ဘဂဝါ။ ။[၂၈-ဆူ]

ဣမေ သွာဟံ ဘိဝန္ဒာမိ၊
နိစ္စံ တိဋ္ဌန္တု မေ သီသေ။

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊
ဣဒ္ဓိမန္တော ဇုတိန္ဓရာ။
ဣဒ္ဓိယာ ဇုတိယာ တေသံ၊
အန္တရာယာ သမေန္တု မေ။

သဗ္ဗေ ဒူရေ ပလာယန္တု၊
ပိသာစာ ယက္ခရက္ခသာ။

[နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်၊မိန်းမတို့မှာ သဗ္ဗေ ဒူရေ-ချီသော နောက်ပိုင်းကို မကျက်နှင့်။]

နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီး ပြီး၏။

www.dhammaransi.com

## အစီအစဉ် (၆)

မိုးပရိတ်မရွတ်မီ ရာဇနသုတ်,မေတ္တာသုတ်များကို ရွတ်ဆိုရမည်။
(အခြားပရိတ် စသည်တို့ကိုလည်း ရွတ်နိုင်က ရွတ်နိုင်လေ ကောင်းလေ ဖြစ်သည်။)

---

## အစီအစဉ် (၇)

### အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ ဂါထာ

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊
ဣဒ္ဓိမန္တော ဇုတိန္ဓရာ။
ဣဒ္ဓိယာ ဇုတိယာ တေသံ၊
အန္တရာယာ သမေန္တု မေ။

သဗ္ဗေ ဒူရေ ပလာယန္တု၊
ပိသာစာ ယက္ခရက္ခသာ။
သမ္မာ ဒေဝါ ပဝဿန္တု၊
မေဒန္တု သုခိတာ ဇနာ။

မှတ်ချက်။ ။မိုးခေါင်မှုနှင့် ရွတ်သောအခါ တခေါက် တခေါက်တွင် "သမ္မာ ဒေဝါ ပဝဿန္တု" ပုဒ်ကို ၃-ထပ် ၃-ထပ်စီ ဆိုရမည်။

www.dhammaransi.com

# အစီအစဉ် (၈)

## ငါးရံ့မင်းပရိတ်တော်ပါဠိ

ပုနာပရံ ယဒါ ဟောမိ၊
မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊
သရေ ဥဒက ခီယထ။

တတော ကာကာ စ ဂိဇ္ဈာ စ၊
ကင်္ကာ ကုလလသေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊
မစ္ဆေ ဥပနိသီဒိယ။

ဧဝံ စိန္တေသဟံ တတ္ထ၊
သဟ ဉာတီဟိ ပီဠိတော။
ကေန နု ခေါ ဥပါယေန၊
ဉာတီ ဒုက္ခာ ပမောစယေ။

ဝိစိန္တယိတွာ ဓမ္မတ္ထံ၊
သစ္စံ အဒ္ဒသ’ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊
ဉာတီနံ တံ အတိက္ခယံ။

အနုဿရိတွာ သတံ ဓမ္မံ၊
ပရမတ္ထံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊
ယံ လောကေ ဓုဝသဿတံ။

www.dhammaransi.com



(၆) ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊
ဧကပါဏမ္ပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
ပဇ္ဇုန္နော အဘိဝဿတု။

(၇) အဘိတ္ထနယ ပဇ္ဇုန္န၊
နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊
မဉ္စ သောကာ ပမောစယ။

(၈) သဟ ကတေ သစ္စဝရေ၊
ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊
ခဏေန အဘိဝဿထ။

(၉) ဧဝရူပံ သစ္စဝရံ၊
ကတွာ ဝီရိယမုတ္တမံ။
ဝဿာပေသိ မဟာမေဃံ၊
သစ္စတေဇဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

ငါးရံ့မင်း ပရိတ်တော် ပါဠိ ပြီး၏။

www.dhammaransi.com

# အစီအစဉ် ( ၉ )

## မိုးကမ္ဘဝါကြီး

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော။

ဣမသ္မိံ ဂါမခေတ္တေ ဝဿကာလေ သမ္မာ ဒေဝေါ န ဝဿန္တိ၊ သမ္မာ မေဃာ န သိဉ္စန္တိ။

မနုဿာ ကသိကမ္မာနိ ကာတုံ န လဘန္တိ။ ဗီဇာနိ ဝပိတုံ န လဘန္တိ။ ဝုတ္တာနိ စ ပုဗ္ဗဏ္ဏာပရဏ္ဏာနိ ဝုဒ္ဓိံ ဝိရုဠှိံ န ဂစ္ဆန္တိ။ အန္တရာဝ သုဿိတွာ မရန္တိ။ တဠာကေသု စ ပေါက္ခရဏီသု စ အာဝါဋေသု စ သောဗ္ဘေသု စ ဥဒကာနိ ဆိဇ္ဇန္တိ။ မနုဿာ စ တိရစ္ဆာနဂတာ စ ပါနီယဟေတု ပါနီယကာရဏာ အတိဒုက္ခပ္ပတ္တာ ဟောန္တိ။ ဝဿကာရကာ ပဇ္ဇုန္နော စ ဝလာဟကာ စ ဒေဝါ အတ္တနော ကိစ္စေသု ပမတ္တာ အဗျာဝဋာ အပ္ပေါဿုက္ကာ ဘဝေယျုံ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဇ္ဇုန္နေ စ ဝလာဟကေ စ ဒေဝေ သမနုဘာသေယျ၊ သမနုသာသေယျ။ ဧတေ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဣဒ္ဓိမန္တာ ဟောန္တု၊ ဇုတိမန္တာ ဟောန္တု၊ ဝဏ္ဏဝန္တော ဟောန္တု၊ ယသဿိနော ဟောန္တု၊ ပိယေဟိ မနာပေဟိ ပုတ္တေဟိ စ ဒါရေဟိ စ ဉာတိမိတ္တေဟိ စ သဟ သမ္မောဒန္တု, ပမောဒန္တု။

၂။ သုဏန္တု မေ ဘောန္တော။

ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဘာသိတံ မနသိကရောန္တု။

ပဉ္စိမေ အနန္တဂုဏာ။ ကတမေ ပဉ္စ–

ဗုဒ္ဓဂုဏာ အနန္တာ၊ ဓမ္မဂုဏာ အနန္တာ၊ သံဃဂုဏာ အနန္တာ၊ မာတာပိတုဂုဏာ အနန္တာ၊ အာစရိယဂုဏာ အနန္တာ၊ ဣမေ ပဉ္စ အနန္တဂုဏာ ပဇ္ဇုန္နာနဉ္စ ဝလာဟကာနဉ္စ ဒေဝါနံ သီသေ သုတိဋ္ဌန္တိ။ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဣမေဟိ ပဉ္စဟိ အနန္တဂုဏေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဋ္ဌာပေန္တု။

ဣမေဟိ အနန္တေဟိ ဗုဒ္ဓဂုဏေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဋ္ဌာပေန္တု။

ဣမေဟိ အနန္တေဟိ ဓမ္မဂုဏေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဋ္ဌာပေန္တု။

ဣမေဟိ အနန္တေဟိ သံဃဂုဏေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဋ္ဌာပေန္တု။

ဣမေဟိ အနန္တေဟိ မာတာပိတုဂုဏေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဋ္ဌာပေန္တု။

ဣမေဟိ အနန္တေဟိ အာစရိယဂုဏေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဋ္ဌာပေန္တု။

န ပဇ္ဇုန္နေဟိ စ ဝလာဟကေဟိ စ ဒေဝေဟိ အတ္တနော ကိစ္စေသု ပမတ္တေဟိ အဗျာဝဋေဟိ အပ္ပေါဿုက္ကေဟိ ဘဝိတဗ္ဗံ၊ အယံ သံဃဿ အနုသာသနီတိ၊ သော ဉတ္တိ။

၃။ သုဏာတု မေ ဘန္တေ သံဃော။

ဣမသ္မိံ ဂါမခေတ္တေ ဝဿကာလေ သမ္မာ ဒေဝါ န ဝဿန္တိ၊ သမ္မာ မေဃာ န သိဋ္ဌန္တိ။

မနုဿာ ကာယိကမ္မာနိ ကာတုံ န လဘန္တိ။ ဗီဇာနိ ဝပ္ပိတုံ န လဘန္တိ။ ဝုတ္တာနိ စ ပုဗ္ဗဏ္ဏာ’ပရဏ္ဏာနိ ဝုဒ္ဓိံ ဝိရူဠှိံ န ဂစ္ဆန္တိ။ အန္တရာဝ သုဿိတွာ မရန္တိ။ တဠာကေသု စ ပေါက္ခရဏီသု စ အာဝါဋေသု စ သောဗ္ဘေသု စ ဥဒကာနိ ဆိဇ္ဇန္တိ။ မနုဿာ စ တိရစ္ဆာနဂတာ စ ပါနီယဟေတု ပါနီယကာရဏာ အတိဒုက္ခပ္ပတ္တာ ဟောန္တိ။ ဝဿကာရကာ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ အတ္တနော ကိစ္စေသု ပမတ္တာ အဗျာဝဋာ အပ္ပေါဿုက္ကာ ဘဝေယျုံ။ သံဃော ပဇ္ဇုန္နေ စ ဝလာဟကေ စ ဒေဝေ သမနုဘာသတိ, သမနုသာသတိ။ ဧတေ ပဇ္ဇုန္နာ စ ဝလဟကာ စ ဒေဝါ ဣဒ္ဓိမန္တာ ဟောန္တု၊ ဇုတိမန္တာ ဟောန္တု၊ ဝဏ္ဏဝန္တော ဟောန္တု၊ ယသဿိနော ဟောန္တု၊ ပိယေဟိ မနာပေဟိ ပုတ္တေဟိ စ ဒါရေဟိ စ ဉာတိမိတ္တေဟိ စ သဟ သမ္မောဒန္တု, ပမောဒန္တု။

၄။ သုဏန္တု မေ ဘောန္တော။ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဘာသိတံ မနသိကရောန္တု။

ပဉ္စိမေ အနန္တဂုဏာ။ ကတမေ ပဉ္စ—

ဗုဒ္ဓဂုဏာ အနန္တာ၊ ဓမ္မဂုဏာ အနန္တာ၊ သံဃဂုဏာ အနန္တာ၊ မာတာပိတုဂုဏာ အနန္တာ၊ အာစရိယဂုဏာ အနန္တာ၊ ဣမေ ပဉ္စ အနန္တဂုဏာ ပဇ္ဇုန္နာနဉ္စ ဝလာဟကာနဉ္စ ဒေဝါနံ သီသေသု တိဋ္ဌန္တိ။ ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ ဣမေဟိ ပဉ္စဟိ အနန္တဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု။

ဣမေဟိ အနန္တေဟိ ဗုဒ္ဓဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ သိဉ္စာပေန္တု။

www.dhammaransi.com



ဣမေဟိ အနန္တေဟိ ဓမ္မဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃ သိဉ္စာပေန္တု။

ဣမေဟိ အနန္တေဟိ သံဃဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃ သိဉ္စာပေန္တု။

ဣမေဟိ အနန္တေဟိ မာတာပိတုဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃ သိဉ္စာပေန္တု။

ဣမေဟိ အနန္တေဟိ အာစရိယဂုဏစက္ကေဟိ သမ္မာ ဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃ သိဉ္စာပေန္တု။

န ပဇ္ဇုန္နေဟိ စ ဝလာဟကေဟိ စ ဒေဝေဟိ အတ္တနော ကိစ္စေသု ပမတ္တေဟိ အဗျာဝဋေဟိ အပ္ပေါဿုက္ကေဟိ ဘဝိတဗ္ဗံ၊ အယံ သံဃော အနုသာသနီတိ၊ ယဿာ ယသ္မာတော ခမတိ၊ တေသံ ပဇ္ဇုန္နာနဉ္စ ဝလာဟကာနဉ္စ ဒေဝါနံ သမနုဘာသနာ, သမနုဘာသနာ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

၃။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ ဘန္တေ သံဃော။ ဣမသ္မိံ ဂါမခေတ္တေ။ပ။ သော ဘာသေယျ။ (စာပိုဒ် ၃-၄-ထပ်ဆို)

၆။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ ဘန္တေ သံဃော၊ ဣမသ္မိံ ဂါမခေတ္တေ။ပ။ သော ဘာသေယျ။ (စာပိုဒ် ၃-၄-ထပ်ဆို)

၇။ သမနုဘဋ္ဌာ သံဃေန ပဇ္ဇုန္နာ စ ဝလာဟကာ စ ဒေဝါ၊ န ပဇ္ဇုန္နေဟိ စ ဝလာဟကေဟိ စ ဒေဝေဟိ အတ္တနော ကိစ္စေသု ပမတ္တေဟိ အဗျာဝဋေဟိ အပ္ပေါဿုက္ကေဟိ ဘဝိတဗ္ဗန္တိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

မိုးကမ္ဘဝါကြီး ပြီး၏။

www.dhammaransi.com



## မိုးကမ္ဗဝါဖတ်နည်း အညွှန်း

ဤမိုးကမ္ဗဝါကြီးကို ဖတ်ကြရာ၌လည်း မုံရွာမြို့ လယ်တီတိုက်မှာ မိုးပရိတ်ကြီးကိုဖတ်ကြရာ၌ကဲ့သို့ ဘုရားပူဇော် ပ,သပြီးမှ ဤမိုးကမ္ဗဝါကြီးကို ဖတ်ကြကုန်ရမည်။

ဖတ်ကြရာ၌လည်း မိုးပရိတ်ကြီးဟုခေါ်သော ငါးရုံ့မင်းပရိတ်မှာ ရဟန်းသံဃာများ မပါပဲ လူဖြစ်သူတို့ချည်းပင် ဖတ်ရ၏။

ဤမိုးကမ္ဗဝါ၌မူကား ရဟန်းသံဃာ ၄-ပါးထက် မနည်းစေရ၊ ရဟန်းသံဃာ များလျှင် များတိုင်း ကောင်း၏၊ ပုဒ်, ပါဌ်, အက္ခရာကို မှန်ကန်စွာ သိတတ်ဖတ်တတ်သော ရဟန်းတပါးက စာကိုကြည့်၍ တိုင်ရမည်၊ ကျန်ရှိသော ရဟန်းတို့က တညီတညာလိုက်၍ ရွတ်ဆိုကြကုန်ရမည်၊ တညီတညာလိုလှ၏၊ ကြားနာသော သူတို့၏ နား၌ ပုဒ်, ပါဌ်, အက္ခရာ ပီသစွာ ကြားနိုင်လောက်အောင် ညီညာကြစေရမည်။

မိုးကမ္ဗဝါကြီး ပြုလုပ်သောနေ့တွင် နံနက်တကြိမ်, နေ့လယ်တကြိမ်, ညနေတကြိမ် ဖတ်ကြရာ၌ တကြိမ် တကြိမ်မှာ တနာရီခွဲမျှ ကြာစေရမည်၊ ၂-ခေါက်ထက်လည်း မနည်းစေရ၊ ထို့ထက် အခေါက်များနိုင်လျှင် သာ၍ ကောင်း၏၊ ရဟန်းခံ ကမ္မဝါ-စသည်တို့၌ကဲ့သို့ ပြင်းထန်စွာရွတ်မှု မလိုလှ၊ အသံကျယ်စွာ ရွတ်မှုသာ လိုလှ၏။

မိုးကမ္ဗဝါဖတ်နည်း အညွှန်းပြီး၏။

www.dhammaransi.com

# အစီအစဉ် (၁၀)

## ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး
## စီရင်တော်မူသော
## မိုးအမိန့်တော်ပြန်တမ်းကြီး

"အို–အထက်တခွင် မိုးကောင်းကင်၌ အစဉ်ရှိနေကြကုန်သော ဝလာဟက ပဇ္ဇုန္နဟု နာမထင်ရှား နတ်မင်းများတို့....မုံရွာမြို့ လယ်တီတိုက်နေ ရဟန်းတော် သံဃာတော်များတို့၏ ထုတ်ဖော်မိန့်ကြား ဆိုစကားကို ထောင်နားကျကျ နာခံကြပါကုန်လော့"။

ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူပေသော သင်တို့ဆရာ ငါတို့ဆရာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားကြီးသည် ဟောကြားတော်မူအပ်ကုန်သော အနန္တတရားကြီး ၅-ပါးတို့သည် ဗုဒ္ဓဘာသာ သာသနာဝင်၌ ထင်ရှားရှိပေကုန်၏။

ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော၊ ဤ ၅-ပါးတို့ပေတည်း။

ဤ အနန္တတရားကြီး ၅-ပါးတို့သည် ငါတို့ မြတ်စွာဘုရားကြီး၏ တပည့်သားဖြစ်ကြကုန်သော ဗုဒ္ဓဘာသာ သာသနာဝင် ရှင်လူအများတို့၏ အဆုတ်အသဲ နှလုံးထဲမှာ အမြဲတည်ရှိကြပေကုန်၏၊ ငါတို့ မြတ်စွာဘုရား၏ တပည့်သားတော် ဖြစ်ကြပေကုန်သော **အထက်**

www.dhammaransi.com



တခွင် ကောင်းကင်တရိုးနတ်အမျိုးတို့၏ အဆုတ်အသဲ နှလုံးထဲမှာလည်း အမြဲတည်ရှိကြပေကုန်၏။

ဤအနန္တတရားကြီး ၅-ပါးတို့၏ ကောင်းကျိုးဖလ အနန္တတို့ကိုလည်း ယခုဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် သင်တို့-ငါတို့ မချို့အမှန် ခံစားကြရကုန်လတ္တံ့။

ထို အနန္တဂုဏ်ထူး ကျေးဇူးတော်ကြီး ငါးရပ်တို့ကို သိတတ်မြင်တတ် မတိမ်မမြုပ် ဖော်ထုတ် ပြောဆိုတတ်ကြကုန်သော သူတို့သည် "ကတညုတာ ကတဝေဒိတာ" သူတော်ကောင်း အင်္ဂါ မင်္ဂလာ တရားကြီးနှင့် ပြည့်စုံသောသူတို့ပေတည်း။

ထို အနန္တဂုဏ်ထူး ကျေးဇူးတော်ကြီး ၅-ပါးတို့သည်လည်း ထို ကျေးဇူးတော်တို့ကို အမြဲနိစ္စ ခံစံကြရကုန်သောသူတို့၌ ကျေးဇူးမြီ ကျေးဇူးကြွေး ဝန်မလေးကြရအောင် တတ်အားသမျှ ပေးဆပ် ပူဇော်ကြရမဲ့ ဝတ္တရားကြီးသည် ရှိကြကုန်၏။

အမိကျေးဇူး, အဖကျေးဇူးများကဲ့သို့ ဘုရားကျေးဇူးအနန္တ, တရားကျေးဇူးအနန္တ, သံဃာ့ကျေးဇူးအနန္တတို့၌ ကျေးဇူးမြီ,ကျေးဇူးကြွေး ဝန်မလေးကြရအောင် ဆပ်ပေး ပူဇော်မှုကြီး ဆိုသည်ကား ပိဋကတ်သုံးပုံနှင့်တကွ ဘုရားသာသနာတော်ကြီးကို ဆုတ်ယုတ် လျော့ပါး မရှိရအောင် ကြောင့်ကြ စိုက်ထုတ်မှုများပေတည်း။

ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့မှာ စာချပုဂ္ဂိုလ်, စာသင်ပုဂ္ဂိုလ်များကို ပစ္စည်း၄-ပါးထောက်ပံ့မှု၊ ဝိနည်းစာပြန်ပွဲ, အဘိဓမ္မာ စာပြန်ပွဲကြီးများ ပြုလုပ်မှု၊ လက္ခ, ကံကြွေး, ကြေးငွေပေး၍ ပိဋကတ်စာအုပ်, ပိဋကတ်စာထုပ်တို့ကို တည်ထောင်မှု၊ ပိဋကတ်ကျောက်စာတို့ကို ရေးထု တည်ထောင်မှုများပေတည်း။

ယခုအခါ ငါတို့မြန်မာနိုင်ငံမှာ ထိုအမှုများကို ပြုလုပ်အားထုတ်လျက် ရှိကြပေကုန်၏၊ ငါတို့မြတ်စွာဘုရား၏ တပည့် သားတော် ဖြစ်ကြပေကုန်သော နတ်အများတို့၏ ဆိုင်ရာ ကျေးဇူးမြီ, ကျေးဇူးကြွေး ဝန်မလေးရအောင် ဆပ်ပေးမှုမှာမူကား ပိဋကတ်သုံးပုံနှင့်တကွ ဗုဒ္ဓဘာသာ သာသနာတော်ကြီး တည်ရှိရန် နိုင်ငံမြို့ရွာတို့၌ ဘီလူးမျိုး, သရဲသဘက်မျိုး, နတ်ဆိုးနတ်ဝါးမျိုးတို့ ထကြွ သောင်းကျန်းမှုကြောင့် လူတို့၌လည်းကောင်း၊ ကျွဲ နွားစသော တိရစ္ဆာန်သတ္တဝါတို့၌လည်းကောင်း ကျရောက်ဖြစ်ပွါးတတ်သော ရောဂါဆိုး, အနာဆိုး, ကပ်,ဥပဒ်မျိုးတို့မှ ကင်းလွတ်ကြရအောင် စောင့်ရှောက် ကွယ်ကာမှုကြီးတပါး၊ မိုးအခါ၌ မိုးလုံလောက်စွာ မရွာသည့် အတွက်ကြောင့် ဖြစ်တတ်သော ငတ်မွတ်ခေါင်းပါးခြင်းဘေးတို့မှ ကင်းလွတ်စောင့်ရှောက်ကြရအောင် ကာကွယ်မှုကြီးတပါး၊ ဤအမှုကြီးနှစ်ပါးတို့သည် နတ်များတို့၏ ဆိုင်ရာဘုရားကျေးဇူး, တရားကျေးဇူး,သံဃာ့ကျေးဇူးများကို ဆပ်ပေးမှုများပေတည်း။

ဤနှစ်ပါးတို့တွင်လည်း ရောဂါဆိုး, အနာဆိုး,ကပ်, ဥပဒ်မျိုးတို့မှ ကင်းလွတ်ကြရအောင် စောင့်ရှောက်ကွယ်ကာမှုကြီးသည် စတုမဟာရာဇ်နတ်မင်းကြီးများနှင့် နတ်စစ်သူကြီးများတို့၏ ဆိုင်ရာပေတည်း။

မိုးမရွာသည့်အတွက် ငတ်မွတ်ခေါင်းပါးမှုတို့မှ ကင်းလွတ်ကြရအောင် စောင့်ရှောက် ကာကွယ်မှုကြီးသည် ဝလာဟကနတ် ပဇ္ဇုန္နနတ်များတို့၏ ဆိုင်ရာပေတည်း။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ တည်ရှိရာ မုံရွာမြို့နယ်ပယ်အတွင်း၌ မိုးလအခါ မိုးလုံလောက်စွာ မရွာမှုကြီး ဆိုက်ရောက်လျက် ရှိနေချေပြီ။

www.dhammaransi.com



အို-မိုး၏ဆိုင်ရာ ဝလာဟက ပဇ္ဇုန္နဟူ နာမထင်ရှား နတ်မင်းများ တို့....မြတ်စွာဘုရား၏ ကျေးဇူးတော်ဂုဏ် မြီရပ်ကို ဆပ်ပေးကြကုန်လော့၊ မိုးတို့ကို ကောင်းစွာ ရွာစေကြကုန်လော့၊ တရားတော်မြတ်၏ ကျေးဇူးတော်ဂုဏ် မြီရပ်ကိုဆပ်ပေးကြကုန်လော့၊ မိုးတို့ကို ကောင်းစွာ ရွာစေကြကုန်လော့၊ သံဃာတော်မြတ်တို့၏ ကျေးဇူးတော် ဂုဏ်မြီရပ်ကို ဆပ်ပေးကြကုန်လော့၊ မိုးတို့ကို ကောင်းစွာ ရွာစေကြကုန်လော့။

ရှေးအခါ ကမ္ဘာပေါင်း ၇-သင်္ချေအတွင်း၌ ငါးသိန်းကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူပေကုန်၏၊ ငါတို့၏ ဘုရားအလောင်းတော် သူမြတ်သည် နုလှစွာသော မုဒုပုဂ္ဂိုလ်အဖြစ်၌ တည်၍ ထိုငါးသိန်းသော ဘုရားရှင်တို့အထံ၌ သဗ္ဗညု ဘုရားဆုကြီးကို ပန်ဆင်တော်မူ၏၊ ထို ငါးသိန်းသော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် ဤမုံရွာမြို့နယ်ပယ် တဝန်းလုံး၌ မိုးတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။

ထိုမှနောက် ကမ္ဘာပေါင်း ၉-သင်္ချေ အတွင်း၌ (၁၂၀၀၀) တသောင်းနှစ်ထောင်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူကြကုန်၏။ ငါတို့၏ ဘုရားအလောင်းတော် သူမြတ်သည် အလတ်ဖြစ်သော မဇ္ဈိုမပုဂ္ဂိုလ်အဖြစ်၌တည်၍ (၁၂၀၀၀) တသောင်းနှစ်ထောင်သော ဘုရားရှင်တို့၏အထံ၌ သဗ္ဗညု ဘုရားဆုကြီးကို ပန်ဆင်တော်မူ၏၊ထို(၁၂၀၀၀)တသောင်းနှစ်ထောင်သော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် မုံရွာမြို့နယ် တဝန်းလုံး၌ မိုးတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။

www.dhammaransi.com



ထိုမှနောက် ၄-သင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူပေကုန်၏၊ ငါတို့ ဘုရား အလောင်းတော် သူမြတ်သည် ရင့်မာသော တိက္ခပုဂ္ဂိုလ်အဖြစ်၌ တည်၍ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ အထံ၌ သဗ္ဗညု ဘုရားဆုကြီးကို ပန်ဆင်တော်မူ၏။ ထို နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့၏ တန်ခိုးရှိန်ငါ စက်အာဏာတို့ဖြင့် မုံရွာမြို့နယ် တဝန်း လုံး၌ မိုးတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။

ဤသို့လျှင် သင်္ချေ ၂၀-အတွင်း၌ ဖြစ်ပွင့်တော် မူကြကုန်သော (၅၁၂၀၂၈) ငါးသိန်းတသောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် မုံရွာမြို့နယ် တဝန်းလုံး၌ မိုးတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။

ဤပြန်တမ်းကြီးကို မိုးပရိတ်ကြီးရွတ်ပြီး အဆုံး၌လည်းကောင်း, မိုးကမ္ဘဝါကြီး ဖတ်ပြီးအဆုံး၌လည်းကောင်း ကျယ်စွာသောအသံဖြင့် တကြိမ်ဖတ်ရမည်၊ မိုးပရိတ်ကြီး မိုးကမ္ဘဝါကြီးများကို မဖတ်မူ၍ ဤပြန်တမ်းကြီးသက်သက်ကို အခေါက်များစွာ ဖတ်ကြပါလျှင် မိုး သည် ကေန်ရွာလိမ့်မည်။

မိုးအမိန့်တော်ပြန်တမ်းကြီး ပြီး၏။

www.dhammaransi.com

# နိဿယများ

## ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး နိဿယ

၁။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာ-သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော။ ဝိပဿီ ဘဂဝါ၊ ဝိပဿီ အမည်တော်ရှိသော ဘုရားရှင်သည်–

အနန္တပုညော၊ အဆုံးမရှိသော ဘုန်းရှိတော်မူ၏။ အနန္တဉာဏော၊ အဆုံးမရှိသော ဉာဏ်ပညာ ရှိတော်မူ၏။ အနန္တဂုဏော၊ အဆုံးမရှိသော ဂုဏ်ကျေးဇူး ရှိတော်မူ၏။ အနန္တတေဇော၊ အဆုံးမရှိသော စွမ်းအား ရှိတော်မူ၏။ အနန္တ ဣဒ္ဓိ၊ အဆုံးမရှိသော တန်ခိုး ရှိတော်မူ၏။ အနန္တဇုတိ၊ အဆုံးမရှိသော အရှိန်အဝါ ရှိတော်မူ၏။

၂။ သိခီ ဘဂဝါ၊ သိခီ အမည်တော်ရှိသော ဘုရားရှင်သည်။ပ။

၃။ ဝေဿဘူ ဘဂဝါ၊ ဝေဿဘူ အမည်တော်ရှိသော ဘုရားရှင်သည်။ပ။

၄။ ကကုသန္ဓော ဘဂဝါ၊ ကကုသန် အမည်တော်ရှိသော ဘုရားရှင်သည်။ပ။

၅။ ကောဏာဂမနော ဘဂဝါ၊ ကောဏာဂုံ အမည်တော်ရှိသော ဘုရားရှင်သည်။ပ။

၆။ ကဿပေါ ဘဂဝါ၊ ကဿပ အမည်တော်ရှိသော ဘုရားရှင်သည်။ပ။

၇။ အမှာကံ ဘဂဝါ၊ ငါတို့ဆရာ မြတ်ဗုဒ္ဓ ဂေါတမ ဘုရားရှင်သည်။ အနန္တပုညော၊ အဆုံးမရှိသော ဘုန်းရှိတော်မူ၏။ ။ပ။အနန္တဇုတိ၊ အဆုံးမရှိသော အရှိန်အဝါရှိတော်မူ၏။

www.dhammaransi.com



သတ္တာ၊ ခုနစ်ဆူကုန်သော။ ဘဂဝန္တော၊ ဘုန်းရှိကုန်သော၊ အရ-ဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ သစ္စာလေးပါး မြတ်ဟုရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူကုန်သော။ လူမေ ဗုဒ္ဓါ၊ ဤ ဘုရားရှင်တို့သည်။ အနန္တပညာ၊ အဆုံးမရှိသော ဘုန်းရှိတော်မူကုန်၏။ အနန္တဉာဏာ၊ အဆုံးမရှိသော ဉာဏ်-ပညာ ရှိတော်မူကုန်၏။ အနန္တဂုဏာ၊ အဆုံးမရှိသော ဂုဏ်ကျေးဇူး ရှိတော်မူကုန်၏။ အနန္တတေဇာ၊ အဆုံးမရှိသော စွမ်းအား ရှိတော်မူကုန်၏။ အနန္တကဒ္ဓိမန္တာ၊ အဆုံးမရှိသော တန်ခိုး ရှိတော်မူကုန်၏။ အနန္တဇုတိမန္တာ၊ အဆုံးမရှိသော အရှိန်အဝါ ရှိတော်မူကုန်၏။ မယှံ၊ အကျွန်ုပ်၏။ ဒိပါ မှိုခိုရာကျွန်းကြီးသဘွယ် ဖြစ်ကုန်၏။ မယှံ၊ အကျွန်ုပ်၏။ နာထာ၊ အားထားရာ ဖြစ်ကုန်၏။ မယှံ၊ အကျွန်ုပ်၏။ ပတိဋ္ဌာ၊ တည်ရာဖြစ်ကုန်၏။ မယှံ၊ အကျွန်ုပ်၏။ တာဏာ၊ လုံခြုံရာ ဖြစ်ကုန်၏။ မယှံ၊ အကျွန်ုပ်၏။ လေဏာ၊ ပုန်းအောင်းရာ ဖြစ်ကုန်၏။ မယှံ၊ အကျွန်ုပ်၏။ ပဋိသရဏာ၊ ကိုးကွယ်ရာ ဖြစ်ကုန်၏။

၁။ အနန္တပညာ၊ အဆုံးမရှိသော ဘုန်းရှိကုန်သော။ ဘဂဝန္တော၊ ဘုန်းတော်ကြီးကုန်သော။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူကုန်သော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အနန္တေဟိ ပုညစက္ကေဟိ၊ အဆုံးမရှိကုန်သော ဘုန်းတော်စက်တို့ဖြင့်။ မံ၊ အကျွန်ုပ်ကို။ ရက္ခန္တု၊ စောင့်ရှောက်တော် မူပါစေကုန်သတည်း။

၂။ အနန္တဉာဏာ၊ အဆုံးမရှိကုန်သော ဉာဏ်ပညာ ရှိတော်မူကုန်သော။ ပ။ အနန္တေဟိ ဉာဏစက္ကေဟိ၊ မဆုံးမရှိကုန်သော ဉာဏ်တော် စက်တို့ဖြင့်။ မံ၊ ကို။ ရက္ခန္တု။တည်း။

www.dhammaransi.com



၃။ အနန္တဂုဏာ၊ အဆုံးမရှိကုန်သော ဂုဏ်ကျေးဇူး ရှိကုန်သော။ ။ပ။ အနန္တေဟိ ဂုဏစက္ကေဟိ၊ အဆုံးမရှိကုန်သော ဂုဏ်ကျေးဇူးတော် စက်တို့ဖြင့်။ မံ၊ ကို။ ရက္ခန္တု၊ တည်း။

၄။ အနန္တတေဇာ၊ အဆုံးမရှိကုန်သော စွမ်းအားရှိတော် မူကုန်သော။ပ။ အနန္တေဟိ တေဇစက္ကေဟိ၊ အဆုံးမရှိကုန်သော စွမ်းအားတော် စက်တို့ဖြင့်။ မံ၊ ကို။ ရက္ခန္တု။ တည်း။

၅။ အနန္တဣဒ္ဓိမန္တာ၊ အဆုံးမရှိကုန်သော တန်ခိုးတော် ရှိကုန်သော။ ပ ။ အနန္တေဟိ ဣဒ္ဓိစက္ကေဟိ၊ အဆုံးမရှိကုန်သော တန်ခိုးတော် စက်တို့ဖြင့်။ မံ။ ကို။ ရက္ခန္တု။ တည်း။

၆။ အနန္တဇုတိမန္တာ၊ အဆုံးမရှိကုန်သော အရှိန်အဝါ ရှိကုန်သော။ ပ ။ အနန္တေဟိ ဇုတိစက္ကေဟိ၊ အဆုံးမရှိကုန်သော အရှိန်အဝါ စက်တို့ဖြင့်။ မံ၊ အကျွန်ုပ်ကို။ ရက္ခန္တု၊ စောင့်ရှောက်ပါစေကုန်သတည်း။

မေ၊ အကျွန်ုပ်သည်။ ရက္ခာ၊ အစောင့်တို့ကို။ ကတာ၊ ပြုအပ်ကုန်ပြီ။ မေ။ အကျွန်ုပ်သည်။ ပရိတ္တံ၊ အရံအတားကို။ ကတံ၊ ပြုအပ်ပြီ။ ဘူတာနိ၊ ဘုတ်ပြိတ္တာတို့သည်။ ပဋိက္ကမန္တု၊ ဖယ်ရှားကုန်လော့။ သောအဟံ၊ ထို အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သတ္တာနံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

ဘုရား ၇-ဆူ စက်ပရိတ်တော်ကြီး နိဿယ ပြီး၏။

www.dhammaransi.com

## နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီးအနက်

တဏှင်္ကရော၊ တဏှင်္ကရ မြတ်စွာဘုရားလည်းကောင်း။ မေဓင်္ကရော၊ မေဓင်္ကရ မြတ်စွာဘုရား လည်းကောင်း။ သရဏင်္ကရော၊ သရဏင်္ကရ မြတ်စွာဘုရား လည်းကောင်း။ ဒီပင်္ကရော၊ ဒီပင်္ကရ မြတ်စွာဘုရားလည်းကောင်း။ ကောဏ္ဍညော၊ ကောဏ္ဍည မြတ်စွာဘုရားလည်းကောင်း။ မင်္ဂလော၊ မင်္ဂလမြတ်စွာဘုရား လည်းကောင်း။ သုမနော၊ သုမန မြတ်စွာဘုရားလည်းကောင်း။ ရေဝတော၊ ရေဝတ မြတ်စွာဘုရား လည်းကောင်း။ သောဘိတော၊ သောဘိတ မြတ်စွာဘုရား လည်းကောင်း။ အနောမဒဿီ၊ အနောမဒဿီ မြတ်စွာဘုရား လည်းကောင်း။ [၁၀-ဆူ]

ပဒုမော၊ ပဒုမ မြတ်စွာဘုရားလည်းကောင်း။ နာရဒေါ၊ နာရဒ မြတ်စွာဘုရား လည်းကောင်း။ ပဒုမုတ္တရော၊ ပဒုမုတ္တရ မြတ်စွာဘုရား လည်းကောင်း။ သုမေဓော၊ သုမေဓ မြတ်စွာဘုရား လည်းကောင်း။ သုဇာတော၊ သုဇာတ မြတ်စွာဘုရားလည်းကောင်း။ ပိယဒဿီ၊ ပိယဒဿီ မြတ်စွာဘုရားလည်းကောင်း။ အတ္ထဒဿီ၊ အတ္ထဒဿီ မြတ်စွာဘုရား လည်းကောင်း။ ဓမ္မဒဿီ၊ ဓမ္မဒဿီ မြတ်စွာဘုရား လည်းကောင်း။ သိဒ္ဓတ္ထော၊ သိဒ္ဓတ္ထ မြတ်စွာဘုရား လည်းကောင်း။ တိဿော၊ တိဿ မြတ်စွာဘုရား လည်းကောင်း။ [၂၀-ဆူ]

ဖုဿော၊ ဖုဿ မြတ်စွာဘုရားလည်းကောင်း။ ဝိပဿီ၊ ဝိပဿီ မြတ်စွာဘုရားလည်းကောင်း။ သိခီ၊ သိခီ မြတ်စွာဘုရားလည်းကောင်း။ ဝေဿဘူ၊ ဝေဿဘူ မြတ်စွာဘုရား လည်းကောင်း။ ကကုသန္ဓော၊ ကကုသန် မြတ်စွာဘုရား လည်းကောင်း။ ကောဏာဂမနော၊ ကောဏာဂုံမြတ်စွာဘုရား လည်းကောင်း။ ကဿပေါ၊ ကဿပ

www.dhammaransi.com



မြတ်စွာဘုရား လည်းကောင်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဘဂဝါ၊ အရှင် ဂေါတမ မြတ်စွာဘုရား လည်းကောင်း။ [၂၈-ဆူ]

ဣမေ၊ ဤနှစ်ကျိပ်ရှစ်ဆူကုန်သော သုံးလူ့ ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားတို့ကို။ သော အဟံ၊ ထိုအကျွန်ုပ်သည်။ အဘိဝန္ဒာမိ၊ အလွန် ရှိသေစွာ ရှိခိုးပါ၏။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်း၌။ နိစ္စံ၊ အမြဲ။ တိဋ္ဌန္တု၊ ကိန်းဝပ် တည်နေတော်မူကြပါစေကုန်သတည်း။

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်။ ဣဒ္ဓိမန္တော၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အပေါင်းတို့နှင့်လည်း ကောင်းစွာ ပြည့်စုံတော်မူကြပါပေကုန်၏။ ဇုတိန္ဓရာ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာတို့ကိုလည်း ကောင်းစွာ စိုက်ထူ ဆောင်တော်မူကြပါပေကုန်၏။ တေသံ၊ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏။ဣဒ္ဓိယာ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတေဇော် အာနုဘော်ကြောင့်လည်းကောင်း။ ဇုတိယာ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာကြောင့် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ အန္တရာယာ၊ ခပ်သိမ်းသော ဘေးဒဏ်ရန်မာန် အန္တရာယ်အပေါင်းတို့သည်။ သမေန္တု၊ မငြိမတွယ် ပျောက်ပြယ် ကင်းငြိမ်းကြပါစေကုန်သတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ပိသာစာ၊ မြေထဲခိုအောင်း မြေမှချောင်းသည့် မကောင်းညစ်ညူး မြေဘီလူးတို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ယက္ခာ၊ မြို့ပြင် မြို့တွင်း ကုန်းကျင်း သစ်ပင် ဥမင်လိုဏ်ခေါင်း ဂူကျောင်းဇရပ် လူမစပ်သည့် တရပ်ထွေထွေ ကုန်းမှာနေအောင်း ကုန်းမှချောင်းသည့် မကောင်းညစ်ညူး

www.dhammaransi.com



ကုန်းဘီလူးတို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ရက္ခ-သာ၊ ပင်လယ်မြစ်တွင်း အိုင်အင်းထွေထွေ ရေမှာနေအောင်း ရေမှ ချောင်းသည့် မကောင်းညစ်ညူး ရေဘီလူးတို့သည်လည်းကောင်း။ ဒူရေ၊ ငါတို့အိမ်ရာ ငါတို့ရွာမှ ဆုတ်ခွါရှောင်ရှား ဝေးသောအရပ် တပါးသို့။ ပလာယန္တု၊ အလျင်မနှေး ပြေးကြစေကုန်သတည်း။

[မိန်းမတို့မှာ သမေန္တု-အနက်ဆုံးရုံကျက်၊ ဘုရားရှိခိုးလုပ်၍ နေ့စဉ်ရွတ်။]

၁။ ကပ်ဥပဒ်ရှိလာခဲ့သော် အိပ်ရာဝင်လျှင် မြင်ရာအရပ်မှ မတ်တတ်ရပ်လျက် အရှေ့သို့ မျက်နှာမူ၍ "ပုရတ္ထိမာယ ဒိသာယ တဏှာကျက်ရော"စသည်ဖြင့် ဆုံးအောင်ရွတ်။

၂။ ထို့နောက် အရှေ့တောင်သို့ မျက်နှာမူ၍ "ပုရတ္ထိမာယ အနု-ဒိသာယ တဏှာကျက်ရော" စသည်ဖြင့် ဆုံးအောင်ရွတ်။

၃။ ထို့နောက် တောင်သို့ မျက်နှာမူ၍ "ဒက္ခိဏာယ ဒိသာယ တဏှာကျက်ရော"စသည်ရွတ်။

[ဤနည်းအတိုင်း အရှေ့မြောက်တိုင်အောင် လှည့်လည်၍ရွတ်၊ မိမိတို့တိုက်,အိမ်, ဝင်း, ခြံ, ကျောင်း, ကန်, ပရိဝုဏ်တို့ကို တံတိုင်း ၃-ထပ် ကာရံဘိသကဲ့သို့ ရှိစေရန် ပါဠိကို ၈-ခေါက် သုံးပြန် ဖတ်ရမည်၊ စိတ်မာန်တင်းတင်း အသံပြင်းပြင်းရွတ်။]

နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီးအနက် ပြီး၏။

www.dhammaransi.com

# အဌဝီသတိ သမ္ဗုဒ္ဓါဂါထာ နိဿယ

အဌဝီသတိ သမ္ဗုဒ္ဓါ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်။ ဣဒ္ဓိမန္တော၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် အပေါင်းတို့နှင့်လည်း ကောင်းစွာ ပြည့်စုံတော် မူကြပါပေကုန်၏။ ဇုတိန္ဓရာ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာတို့ကိုလည်း ကောင်းစွာစိုက်ထူ ဆောင်တော်မူကြပါပေကုန်၏။ တေသံ၊ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သောမြတ်စွာဘုရားတို့၏။ ဣဒ္ဓိယာ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတေဇော် အာနုဘော်ကြောင့်လည်းကောင်း။ ဇုတိယာ၊ စကြဝဠာ ကမ္ဘာ မြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာကြောင့် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ အန္တရာယာ၊ ခပ်သိမ်းသော ဘေးဒဏ် ရန်မာန် အန္တရာယ်အပေါင်းတို့သည်။ သမေန္တု၊ မငြိမတွယ် ပျောက်ပြယ်ကင်းငြိမ်း ကြပါစေကုန်သတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ ပိသာစာ၊ မြေထဲခိုအောင်း မြေမှာ ချောင်းသည့် မကောင်းညစ်ညူး မြေဘီလူးတို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ယက္ခာ၊ မြို့ပြင်မြို့တွင်း ကုန်းကျင်းသစ်ပင် ဥမင်လိုဏ်ခေါင်း ဂူကျောင်းဇရပ် လူမစပ်သည့် တရပ်ထွေထွေ ကုန်းမှာနေအောင်း ကုန်းမှချောင်းသည့် မကောင်းညစ်ညူး ကုန်းဘီလူးတို့ သည်လည်းကောင်း။ သဗ္ဗေ၊အလုံးစုံကုန်သော၊ ရက္ခသာ၊ပင်လယ် မြစ် တွင်း အိုင်အင်းထွေထွေ ရေမှာနေအောင်း ရေမှချောင်းသည့် မကောင်းညစ်ညူး ရေဘီလူးတို့သည်လည်းကောင်း။ ဒူရေ၊ ငါတို့အိမ်ရာ ငါတို့ရွာမှ ဆုတ်ခွါရှောင်ရှား ဝေးသော အရပ်တပါးသို့။ ပလာယန္တု၊ အလျင်မနှေး ပြေးကြစေကုန်သတည်း။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ဒေဝါ၊ မိုးတို့သည်။ ပဝဿန္တု၊ ရွာကြပါစေကုန်သတည်း။ ဇနာ၊ လူတို့ သည်။ သုခိတာ၊ ကိုယ်စိတ် ၂-ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်၍။ မောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါစေကုန်သတည်း။

www.dhammaransi.com

## ငါးရံ့မင်းပရိတ်တော် အနက်

## ငါးရံ့မင်းသစ္စာပြုခြင်း အကြောင်းအရာ

(၁) ပုနာပရံ ယဒါ၊ လွန်လေပြီးသော အကြင်အခါ၌။ မဟာသရေ၊ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ရေကန် ရေအိုင်ကြီး၌။ အဟံ၊ ငါသည်။ မစ္ဆရာဇာ၊ ငါးတို့ကို သင်္ဂြိုဟ်ချီးမြှောက်တတ်သော ငါးရံ့မင်းသည်။ ဟောမိ၊ ဖြစ်လေ၏။ တဒါ၊ ထိုငါးရံ့မင်းဖြစ်သော အခါ၌။ ဥဏှေ၊ နေပူရှိန်ပြင်းပြသော အခါ၌။ သရေ၊ ငါးတို့နေရာ ရေအိုင်ကြီး၌။ ဥဒကံ၊ ရေသည်။ သူရိယသန္တာပေ-သူရိယသန္တာပေန၊ နေပူရှိန် ပြင်းပြခြင်းကြောင့်။ ခီယထ-ခီယတ္ထ၊ ကုန်ခန်းခြောက်သွေ့ခဲ့လေပြီ။

(၂) တတော၊ ထိုရေကုန်ခန်း ခြောက်သွေ့ပြီးသည်မှ။ (အပရဘာဂေ၊ နောက်အဖို့၌။) ကာကာ စ၊ ကျီးတို့သည်လည်းကောင်း။ ဂိဇ္ဈာ စ၊ လင်းတတို့သည်လည်းကောင်း။ ကင်္ကာ စ၊ ဥဇျင်းတို့သည်လည်းကောင်း။ ကုလလသေနကာ စ၊ သိန်း စွန်တို့သည်လည်းကောင်း။ ဥပနိသီဒိယ၊ ညွှန်ပျောင်း၌ နေကုန်၍။ မစ္ဆေ၊ ငါးတို့ကို။ ဒိဝါရတ္တိံ၊ နေ့ ညဉ့်မပြတ် အခါခပ်သိမ်း။ ဘက္ခယန္တိ၊ နှုတ်သီးတို့ဖြင့် ထိုးဆွယူငင်ကာ စားမျိုကြကုန်၏။

(၃) အဟံ၊ ငါသည်။ တတ္ထ၊ ထိုအခါ ထိုရေအိုင်ကြီး၌။ ဉာတီဟိ၊ အဆွေအမျိုးဖြစ်သော ငါးအပေါင်းတို့နှင့်။ သဟ၊ အတူတကွ။ ပီဠိတော၊ ညှဉ်းဆဲနှိပ်စက် စားမျိုခံရသည်ဖြစ်၍။ ကေန ဥပါယေန၊ အဘယ်သို့သော အကြောင်းဖြင့်။ ဉာတီ၊ ဆွေမျိုးဖြစ်သော ငါးတို့ကို။ ဒုက္ခာ၊ ဆင်းရဲခြင်းဘေးမှ။ ပမောစယေ နုခေါ၊ လွတ်မြောက်စေရပါအံ့နည်း။ ဝေ၊ ဤသို့။ စိန္တေသိံ၊ ကြံစည်လေပြီ။

www.dhammaransi.com



(၄) အဟံ၊ ငါသည်။ ဝိစိန္တယိတွာ၊ ကြံစည်ပြီး၍။ ဓမ္မတ္ထံ၊ တရား သဘောနှင့်မကင်း မယှဉ်းကေန် ဟုတ်မှန်သော အကျိုးရှိသော။ အပဿယံ၊ ငါးအပေါင်းတို့ မှီခိုအားကိုးရာ ဖြစ်သော။ သစ္စံ၊သစ္စာ တရားတော်ကြီးကို။ အဒ္ဒသ-အဒ္ဒသံ၊ ကောင်းစွာ မြင်လေပြီ။ သစ္စေ၊ သစ္စာတရားတော်ကြီး၌။ ဌတွာ၊ တည်၍။ ဉာတီနံ၊ ဆွေမျိုးဖြစ်သော ငါးတို့၏။ တံ အတိက္ခယံ၊ ထို သေကြေပျက်စီးခြင်းကို။ ပမောခေ-သိံ၊ လွတ်မြောက်စေလေပြီ။

(၅) သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မံ၊ သတ္တဝါတို့အား မညှဉ်း ဆဲ မနှိပ်စက် မသတ်ဖြတ်ခြင်းဟူသော အဟိံသနတရားတော်ကို။ အနုဿရိတွာ၊ အောက်မေ့ဆင်ခြင်၍။ ပရမတ္ထံ၊ ဖြူစင်မြင့်မြတ် မချွတ်မှန်ကန်ခြင်းသဘောရှိသော သစ္စာတရားတော်ကြီးကို။ ဝိစိန္တယံ-ဝိစိန္တယန္တော၊ ငါ၏စိတ်တွင် အထူးကြံဆင်ခြင်၍။ လောကေ၊ လောက၌။ ယံ-အဟိံသနဓမ္မံ၊ သတ္တဝါတို့အား မညှဉ်းဆဲ မနှိပ်စက် မသတ်ဖြတ်ခြင်းဟူသော အကြင် အဟိံသနတရားတော်သည်။ ဓုဝ-သဿတံ၊ မချွတ်မြဲမြံ စင်စစ်မှန်၏။ တံ-အဟိံသနဓမ္မံ, ထိုအဟိံသန တရားတော်ကို။ ဝိစိန္တယံ-ဝိစိန္တယန္တော၊ ငါ၏စိတ်တွင် အထူးကြံဆင် ခြင်၍။ သစ္စကိရိယံ၊ သစ္စာဓိဋ္ဌာန်မှုခြင်းကို။ အကာသိံ၊ ပြုလေပြီ။

## ငါးရံ့မင်းသစ္စာပြုပုံ

(၆) ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ အတ္တာနံ၊ မိမိ ကိုယ်ကို။ အဟံ၊ ငါသည်။ သရာမိ၊ အောက်မေ့၏။ ယတော၊ အကြင် အခါမှ။ ပဋ္ဌာယ၊ စ၍။ ဝိညုတံ၊ သိကြားလိမ္မာသည်၏ အဖြစ်သို့။ အဟံ၊ ငါသည်။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ သဉ္စိစ္စ၊ သေ စေလိုသော စေတနာရှိသည်ဖြစ်၍။ ကေပါဏမ္ပိ၊ အသက်ရှိသော

www.dhammaransi.com



သတ္တဝါ တကောင်တလေမျှကိုလည်း။ ဟိံသိတံ၊ ဇာတ်တူသားစား သောအမျိုး၌ဖြစ်လျက် ညှဉ်းဆဲနှိပ်စက် စားမျိုဘူးသည်ကို။ အဟံ၊ ငါသည်။ နာဘိဇာနာမိ၊ မသိ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ အမှန် ဆိုအပ်သော သစ္စာစကားကြောင့်။ ပဇ္ဇုန္နော၊ ပဇ္ဇုန်မည်ရ မိုးမေဃ သည်။ အဘိဝဿတု၊ ခဏမကြာ ထစ်ကြိုး၍ ရွာပါစေသတည်း။

(၇) ပဇ္ဇုန္န၊ ပဇ္ဇုန်မည်ရ မိုးမေဃ....။ တွံ၊ သင်သည်။ အဘိတ္ထ-နယ၊ ယခုမကြာ ထစ်ကြိုး၍ ရွာပါလော့။ ကာကဿ၊ ညှဉ်းဆဲတတ် သည့် ကျီးစသောရန်သူသတ္တဝါအပေါင်း၏။ နိဓိံ၊ စားသောက်ဖွယ်ဖြစ် ဥစ္စာနှစ်ကို။ နာသယ၊ မိုးရေဖုံးလွှမ်းသောအားဖြင့် ဖျက်ဆီးပါလော့။ ကာကံ၊ ညှဉ်းဆဲတတ်သည့် ကျီးစသော ရန်သူအပေါင်းကို။ သော-ကာယ၊ ငါးတို့ကို သတ်ဖြတ်ညှဉ်းဆဲခွင့် မရသဖြင့် စိုးရိမ်ခြင်းဖြစ် စိမ့်သောငှါ။ ရန္ဓေဟိ၊ အခွင့်လမ်းပေါက် ဖြစ်ပါစေလော့။ မဉ္စေ၊ ငါ၏ အဆွေအမျိုးဖြစ်သော ငါးတို့ကို။ သောကာ၊ ငါတို့တတွေ သေရတော့အံ့ဟူသော စိုးရိမ်ခြင်းမှ။ ပမောစယ၊ ယခုချက်ခြင်း လွှတ်ကင်းပါစေလော့။

## သစ္စာတန်ခိုးနှင့် ပါရမီဖြစ်ပုံ

(၈) သစ္စဝရေ၊ မြတ်သော သစ္စာတော်ကြီးကို။ သဟကတေ၊ ပြုအပ်သည်နှင့် တပြိုင်နက်။ ပဇ္ဇုန္နော၊ ပဇ္ဇုန်မည်ရ မိုးမေဃသည်။ အဘိဂဇ္ဇိယ၊ ထစ်ကြိုး၍။ ထလဉ္စ၊ ကြည်းကုန်းမြင့်ကိုလည်းကောင်း။ နိန္နဉ္စ၊ ရှိုင့်ဝှမ်းရာ ချိုင့်ကိုလည်းကောင်း။ ပူရေန္တော၊ ပြည့်လျှံစေ လျက်။ ခဏေန၊ တခဏခြင်းဖြင့်။ အဘိဝဿထ၊ ရွာချလေပြီ။

(၉) ဥတ္တမံ၊ ဆွေမျိုးဖြစ်သော ငါးတို့၏ သေဘေးကင်းလွတ် ရေးဖြစ်၍ မွန်မြတ်လှသော။ ဝီရိယံ၊ ပျင်းရိမနေ ဘေးလွတ်ကြောင်း

www.dhammaransi.com



ရှာဖွေကြိုးကုတ် လုံ့လစိုက်ထုတ်အပ်သော ဝီရိယကို။ ကတွာ၊ ပြုပြီး၍။ ဝေရူပံ၊ သေဘေးမှ ကင်းလွတ်စေတတ် သဘောမြတ်ရှိသော။ သစ္စဝရံ၊ အမှန်ဆိုအပ် သစ္စာမြတ်ကို။ ကတွာ၊ ပြုပြီး၍။ သစ္စတေဇဗလသံသိ-တော၊ သစ္စာ၏တန်ခိုးအစွမ်းကို မှီ၍။ မဟာမေဃံ၊ သည်းထန်သော မိုးကြီးကို။ အဟံ၊ ငါသည်။ ဝဿာပေသိံ၊ ရွာစေခဲ့ပြီ။ မေ၊ ငါ၏။ သစ္စေန၊ သစ္စာတရားနှင့်။ သမော၊ တူသောတရားသည်။ နတ္ထိ၊ မရှိ။ မေ၊ ငါ၏။ ဧသာ-ပါရမီ၊ ဤ ပါရမီသည်။ သစ္စပါရမီ၊ သစ္စာပါရမီ ဖြစ်သတည်း။

[စရိယာပိဋက အဋ္ဌကထာအတိုင်း အနက်ယောဇနာသည်။]

မိုးပရိတ်တော်ကြီးကို ရွတ်ကြရာ၌ ရတနသုတ်, မေတ္တာသုတ် ပရိတ်များကို ရွတ်ပြီးမှ အဋ္ဌဝီသတိဂါထာ, ငါးရံ့မင်းပရိတ်များကို ရွတ်ဆိုရမည်။

ဤစီမံချက်အတိုင်း မုံရွာမြို့မှာ ဝါဆိုလပြည့်နေ့တွင် မိုးပရိတ်ပွဲကြီး ပြုလုပ်ကြသည့်အတွက် လပြည့်ကျော် ဂ-ရက်နေ့ အရေထန်စွာ ရွာသွန်းကြောင်း၊ ထိုနောက် ၂-ရက်နေ့ ၃-ရက်နေ့များတွင် ၂-ဆတက်တိုး၍ ရွာသွန်းကြောင်း၊ မုံရွာမြို့နယ်တဝန်းလုံးမှာ မိုးဦးစိုက်ပျိုးသော အသီး, အပင်တို့ အောင်မြင်ချောမောသည်ဟု ဝမ်းသာ အားရရှိကြကြောင်း ဆရာတော်ဘုရားထံ မုံရွာမြို့က ပေးပို့သော လျှောက်လွှာကို တွေ့မြင်ရ၍ ဆရာတော်ဘုရားမှာ အလွန်ဝမ်းမြောက် ဝမ်းသာ ရှိရပေသည်။

ငါးရံ့မင်း ပရိတ်တော်အနက် ပြီး၏။

www.dhammaransi.com

## မိုးကမ္ဗဝါကြီး နိဿယ

၁။ အရဟတော၊ ပူဇော် အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားယင်ထင် ကိုယ်တော်တိုင် သိတော်မူထသော။ တဿ ဘဂဝတော၊ ထိုဘုန်းတော်ကြီးမား မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါဘုရား။

ဣမသ္မိံ ဂါမခေတ္တေ၊ ဤရွာ နယ်ပယ်၌။ ဝဿကာလေ၊ မိုးအခါ၌။ သမ္မာ၊ ကောင်းစွာ။ ဒေဝါ၊ မိုးတို့သည်။ န ဝဿန္တိ၊ မရွာကုန်။ သမ္မာ၊ ကောင်းစွာ၊ မေဃာ၊ မိုးရေတို့သည်။ န သိဥ္စန္တိ၊ မသွန်းချကုန်။

မနုဿာ၊ လူတို့သည်။ ကသိကမ္မာနိ၊ လယ်ထွန်မှုတို့ကို။ ကာတုံ၊ ပြုလုပ်ခြင်းငှါ။ န လဘန္တိ၊ မရကုန်။

ဗီဇာနိ၊ မျိုးစေ့တို့ကို။ ဝပ္ပိတုံ၊ စိုက်ပျိုးခြင်းငှါ၊ န လဘန္တိ၊ မရကုန်။

ဝုတ္တာနိ၊ ပေါက်လာကုန်သော။ ပုဗ္ဗဏ္ဏာပရဏ္ဏာနိ စ၊ ကောက်ပဲတို့သည်လည်း။ ဝုဍ္ဎိံ၊ ကြီးပွါးခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။

အန္တရာဝ၊ ကြီးပွါး စည်ပင်ခြင်းသို့ မရောက်သေးမီအကြားကာလ၌သာလျှင်။ သုဿိတွာ၊ ညှိုးခြောက်၍။ မရန္တိ၊ သေကုန်၏။

www.dhammaransi.com



တဋ္ဋာကေသု စ၊ တဘက်ဆည်ကန်တို့၌ရင်း။ ပေါက္ခရဏီသု စ၊ လေးထောင့်ကန်တို့၌ရင်း။ အာဝါဋ္ဋေသု စ၊ ရေတွင်းတို့၌ရင်း။ သောဗ္ဘေသု စ၊ ထုံးအိုင်တို့၌ရင်း။ ဥဒကာနိ၊ ရေတို့သည်။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။

မနုဿာ စ၊ လူတို့သည်ရင်း။ တိရစ္ဆာနဂတာ စ၊ တိရစ္ဆာန်တို့သည်ရင်း။ ပါနီယဟေတု၊ သောက်ရေဟူသော အကြောင်းရင်းကြောင့်။ ပါနီယကာရဏာ၊ သောက်ရေဟူသော အကြောင်းခံကြောင့်။ အတိဒုက္ခပ္ပတ္တာ၊ အလွန်ဆင်းရဲခြင်းသို့ရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝဿကာရကာ၊ မိုးရွာခြင်းကို ပြုတတ်ကုန်သော။ ပဇ္ဇုန္နာ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဝလာဟကာ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ အတ္တနော၊ မိမိ၏။ ကိစ္စေသု၊ အလုပ်တာဝန်တို့၌။ ပမတ္တာ၊ မေ့လျော့ကုန်သည်။ အဗျာဝဋာ၊ ကြောင့်ကြမစိုက်ကုန်သည်။ အပ္ပေါဿုက္ကာ၊ လုံ့လပြုခြင်း မရှိကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။

သံဃာ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျောက်ပတ်သော အခါသည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်သည် ရှိသော်။ သံဃော၊ သံဃာတော်သည်။ ပဇ္ဇုန္နေ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝေ စ၊ နတ်တို့ကိုရင်း။ ဝလာဟကေ၊ မိုးတိမ်ကို ဖြစ်စေတတ်ကုန်သော။ ဒေဝေ စ၊ နတ်တို့ကိုရင်း။ သမနုဘာသေယျ၊ ပြောဆိုရာ၏။ သမနုဘာသေယျ၊ ဆုံးမရာ၏။

ပဇ္ဇုန္နာ၊ မိုးကိုရွာစေတတ်ကုန်သော။ တေ ဒေဝါ စ၊ ထိုနတ်တို့သည်ရင်း။ ဝလာဟကာ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ တေ ဒေဝါ စ၊ ထိုနတ်တို့သည်ရင်း။ ဣဒ္ဓိမန္တာ၊ တန်ခိုးကြီးကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဇုတိမန္တာ၊ အရှိန်အဝါကြီးကုန်သည်။

www.dhammaransi.com



ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဝဏ္ဏဝန္တော၊ ရုပ်အဆင်းလှပကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ယသဿိနော၊ ခြံရံသင်းပင်း ကျော်စောခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ နှစ်သက်အပ်ကုန်သော။ ပုတ္တေဟိ စ၊ သားတို့နှင့်ရင်း။ ဒါရေဟိ စ၊ မယားတို့နှင့်ရင်း။ ဉာတိမိတ္တေဟိ စ၊ ဆွေမျိုးမိတ်ဆွေတို့နှင့်ရင်း။ သဟ၊ အတူတကွ။ သမ္မောဒန္တု၊ ဝမ်းသာကြပါစေကုန်သတည်း။ ပမောဒန္တု၊ ရွှင်လန်းဝမ်းမြောက် ကြပါစေကုန်သတည်း။

၂။ ဘောန္တော၊ အိုသူတော်ကောင်းတို့။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ နားထောင်ကြပါကုန်လော့။

ပဇ္ဇုန္နာ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဝလာဟကာ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဘာသိတံ၊ ပြောဆိုအပ်သောစကားကို။ မနသိကရောန္တု၊ နှလုံးသွင်းကြကုန်လော့။

အနန္တဂုဏာ၊ အဆုံးမရှိသော ဂုဏ်တော်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်း။

ဗုဒ္ဓဂုဏာ၊ ဘုရားရှင်၏ ဂုဏ်တော်တို့သည်။ အနန္တာ၊ အဆုံးမရှိကုန်။ ဓမ္မဂုဏာ၊ တရားတော်၏ ဂုဏ်တော်တို့သည်။ အနန္တာ၊ အဆုံးမရှိကုန်။ သံဃဂုဏာ၊ သံဃာတော်၏ ဂုဏ်တော်တို့သည်။ အနန္တာ၊ အဆုံးမရှိကုန်။ မာတာပိတုဂုဏာ၊ မိဘတို့၏ ဂုဏ်တော်တို့သည်။ အနန္တာ၊ အဆုံးမရှိကုန်။ အာစရိယဂုဏာ၊ ဆရာ၏ ဂုဏ်တော်တို့သည်။ အနန္တာ၊ အဆုံးမရှိကုန်။ (ဣမေ၊ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။)

www.dhammaransi.com



ပဥ္စ၊ ငါးပါးကုန်သော။ ဣမေ အနန္တဂုဏာ၊ ဤအဆုံးမရှိသော ဂုဏ်တော်တို့သည်။ ပဇ္ဇုန္နာနံ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါနဥ္စ၊ နတ်တို့၏ရင်း။ ဝလာဟကာနံ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝါနဥ္စနတ်တို့၏ရင်း။ သီသေသု၊ဦးထိပ်တို့၌။ တိဋ္ဌန္တိ၊တည်ကုန်၏။

ပဇ္ဇုန္နာ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဝလာဟကာ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ပဥ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ အနန္တဂုဏစက္ကေဟိ၊ အဆုံးမရှိသော ဂုဏ်တော်တို့၏ တန်ခိုးတော်စက်တို့ကြောင့်။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ဒေဝေ၊ မိုးတို့ကို။ ဝဿာပေန္တု၊ ရွာစေကုန်သတည်း။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ မေဃေ၊ မိုးရေတို့ကို။ သိဥ္စာပေန္တု၊ သွန်းစေကုန်သတည်း။

အနန္တေဟိ၊ အဆုံးမရှိကုန်သော။ ဣမေဟိ ဗုဒ္ဓဂုဏစက္ကေဟိ၊ ဤမြတ်စွာဘုရားဂုဏ်တော် တန်ခိုးတော် စက်တို့ကြောင့်။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ဒေဝေ၊ မိုးတို့ကို။ ဝဿာပေန္တု၊ ရွာစေကုန်သတည်း။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ မေဃေ၊ မိုးရေတို့ကို။ သိဥ္စာပေန္တု၊ သွန်းစေကုန်သတည်း။

အနန္တေဟိ၊ အဆုံးမရှိကုန်သော။ ဣမေဟိ ဓမ္မဂုဏစက္ကေဟိ၊ ဤတရားဂုဏ်တော် တန်ခိုးတော်စက်တို့ကြောင့်။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ဒေဝေ၊ မိုးတို့ကို။ ဝဿာပေန္တု၊ ရွာစေကုန်သတည်း။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ မေဃေ၊ မိုးရေတို့ကို။ သိဥ္စာပေန္တု၊ သွန်းစေကုန်သတည်း။

အနန္တေဟိ၊ အဆုံးမရှိကုန်သော။ ဣမေဟိ သံဃဂုဏစက္ကေဟိ၊ ဤသံဃာ့ဂုဏ်တော် တန်ခိုးတော်စက်တို့ကြောင့်။ပ။

www.dhammaransi.com



အနန္တေဟိ၊ အဆုံးမရှိကုန်သော။ ဂုဏေဟိ မာတာပိတုဂုဏ-စက္ကေဟိ၊ ဤမိဘဂုဏ်တော် တန်ခိုးတော် စက်တို့ကြောင့်။ပ။

အနန္တေဟိ၊ အဆုံးမရှိကုန်သော။ ဂုဏေဟိ အာစရိယဂုဏစက္ကေဟိ၊ ဤဆရာ့ဂုဏ်တော်စက်တို့ကြောင့်။ သမ္မာ၊ စွာ။ ဒေဝေါ၊ တို့ကို။ ဝဿာပေန္တု၊ တည်း။ သမ္မာ၊ စွာ။ မေဃော၊ တို့ကို။ သိဉ္စာပေန္တု၊ တည်း။

ပဇ္ဇုန္နေဟိ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝေဟိ စ၊ နတ်တို့သည် ၎င်း။ ဝလာဟကေဟိ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝေဟိ စ၊ နတ်တို့သည်၎င်း။ အတ္တနော၊ မိမိ၏။ ကိစ္စေသု၊ အလုပ်ကိစ္စတို့၌။ ပမတ္တေဟိ၊ မေ့လျော့ကုန်သည်။ အဗျာဝဋေဟိ၊ အားမထုတ်ကုန်သည်။ အပ္ပေါဿုက္ကေဟိ၊ ကြောင့်ကြ မစိုက်ကုန်သည်။ န ဘဝိတဗ္ဗံ၊ မဖြစ်ရာ။ အယံ၊ ဤသည်ကား။ သံဃဿ၊ သံဃာတော်၏။ အနုသာသနီ၊ အဆုံးအမတည်း။ ဣတိ ဧသာ၊ ဤသည်ကား။ ဉတ္တိ၊ သိစေခြင်းတည်း။

၃။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။

ဣမသ္မိံ ဂါမခေတ္တေ၊ ဤရွာနယ်ပယ်၌။ ဝဿကာလေ၊ မိုးကာလ၌။ ဒေဝါ၊ မိုးတို့သည်။ သမ္မာ ကောင်းမွန် မှန်ကန်စွာ။ န ဝဿန္တိ၊ မရွာကုန်။ မေဃာ၊ မိုးရေတို့သည်။ သမ္မာ၊ ကောင်းမွန် မှန်ကန်စွာ။ န သိဉ္စန္တိ၊ မသွန်းကုန်။

မနုဿာ၊ လူတို့သည်။ ကသိကမ္မာနိ၊ လယ်ထွန်ခြင်းတို့ကို။ ကာတုံ၊ ပြုလုပ်ခြင်းငှါ။ န လဘန္တိ၊ မရကုန်။

ဗီဇာနိ၊ မျိုးစေ့တို့ကို။ ဝပ္ပိတုံ၊ စိုက်ပျိုးခြင်းငှါ။ န လဘန္တိ၊ မရကုန်။

www.dhammaransi.com



ဝုတ္တာနိ၊ စိုက်ပျိုးပြီးကုန်သော။ ပုဗ္ဗဏ္ဏာပရဏ္ဏာနိ၊ ကောက်ပဲတို့သည်လည်း။ ဝုဒ္ဓိံ၊ ကြီးပွါးခြင်းသို့။ ဝိရုဠှိံ၊ စည်ပင်ခြင်းသို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။

အန္တရာဝ၊ ကြီးပွါးစည်ပင်ခြင်းသို့ မရောက်မီအကြားဌ်သာလျှင်။ သုဿိတွာ၊ ညှိုးခြောက်၍။ မရန္တိ၊ သေကုန်၏။

တဏ္ဍုကောသု စ၊ တဘက်ဆည်ကန်တို့၌ရင်း။ ပေါက္ခရဏီသု စ လေးထောင့်ကန်တို့၌ရင်း။ အာဝါဋေသု စ၊ ရေတွင်းတို့၌ရင်း။ သောဗ္ဘေသု စ၊ ထုံးအိုင်တို့၌ရင်း။ ဥဒကာနိ၊ ရေတို့သည်။ ဆိဇ္ဇန္တိ၊ ပြတ်ကုန်၏။

မနုဿာ စ၊ လူတို့သည်ရင်း။ တိရစ္ဆာနဂတာ စ၊ တိရစ္ဆာန်တို့သည်ရင်း။ ပါနီယဟေတု၊ သောက်ရေဟူသော အကြောင်းရင်းကြောင့်။ပါနီယကာရဏာ၊သောက်ရေဟူသော အကြောင်းခံကြောင့်။ အတိဒုက္ခပ္ပတ္တာ၊ အလွန်ဆင်းရဲခြင်းသို့ ရောက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဝဿကာရကာ၊ မိုးရွာခြင်းကို ပြုတတ်ကုန်သော။ ပဇ္ဇုန္နာ၊ မိုးကို ရွာစေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဝလာဟကာ၊ မိုးတိမ်ကို ဖြစ်စေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ အတ္တနော၊ မိမိ၏။ ကိစ္စေသု၊အလုပ်ကိစ္စတို့၌။ပမတ္တာ၊ မေ့လျော့ကုန်သည်။ အဗျာဝဋ္ဌာ၊ အားမထုတ်ကုန်သည်။ အပ္ပေါဿုက္ကာ၊ ကြောင့်ကြမစိုက်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။

သံဃော၊ သံဃာတော်သည်။ ပဇ္ဇုန္နေ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝေ စ၊ နတ်တို့ကိုရင်း။ ဝလာဟကေ၊ မိုးတိမ်ကိုဖြစ်စေ

www.dhammaransi.com



တတ်ကုန်သော။ ဒေဝေ စ၊ နတ်တို့ကိုရင်း။ သမနုဘာသတိ၊ ပြောဆို၏။ သမနုသာသတိ၊ တိုက်တွန်း၏။

ပဇ္ဇုန္နော၊ မိုးကိုရွာစေတတ်ကုန်သော။ ဧတေ ဒေဝါ စ၊ ထိုနတ်တို့သည်ရင်း။ ဝလာဟကာ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဧတေ ဒေဝါ စ၊ ထိုနတ်တို့သည်ရင်း။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဇုတိမန္တော၊ အရှိန်အဝါကြီးကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဝဏ္ဏဝန္တော၊ အဆင်းလှပကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ယသဿိနော၊ အခြံအရံ အကျော်အစော ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ပိယေဟိ၊ ချစ်ခင်ကုန်သော။ မနာပေဟိ၊ နှစ်သက်ကုန်သော။ ပုတ္တေဟိ စ၊ သားသမီးတို့နှင့်ရင်း။ ဒါရေဟိ စ၊ မယားတို့နှင့်ရင်း။ ဉာတိမိတ္တေဟိ စ၊ ဆွေမျိုး မိတ်ဆွေတို့နှင့်ရင်း။ သဟ၊ အတူတကွ။ သမ္မောဒန္တု၊ ဝမ်းမြောက်ကြပါစေကုန်သတည်း။ ပမောဒန္တု၊ ရွှင်လန်းကြပါစေကုန်သတည်း။

၄။ ဘောန္တော၊ အို သူတော်ကောင်းအပေါင်းတို့။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ နာကြပါကုန်လော့။

ပဇ္ဇုန္နော မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဝလာဟကာ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့သည်ရင်း။ ဘာသိတံ၊ ပြောဆိုအပ်သောစကားကို။ မနသိကရောန္တု၊ နှလုံးသွင်းကြပါကုန်လော့။

အနန္တဂုဏာ၊ အဆုံးမရှိကုန်သော ဂုဏ်တော်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့တည်း။

ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်း။

www.dhammaransi.com



ဗုဒ္ဓဂုဏာ၊ ဘုရားရှင်၏ဂုဏ်တော်တို့သည်။ အနန္တာ၊ **အဆုံးမရှိ** ကုန်။ ဓမ္မဂုဏာ၊ သည်။ အနန္တာ၊ ကုန်။ သံဃဂုဏာ၊ သည်။ **အနန္တာ၊** ကုန်။ မတာပိတုဂုဏာ၊ သည်။ အနန္တာ၊ ကုန်။ **အာစရိယဂုဏာ၊** သည်။ အနန္တာ၊ ကုန်။ (ဣမေ ပဉ္စ၊ ဤ၅-ပါးတို့တည်း။)

ပဉ္စ၊ ငါးပါးကုန်သော။ ဣမေ အနန္တဂုဏာ၊ ဤအဆုံး မရှိသော ဂုဏ်တော်တို့သည်။ ပဇ္ဇုန္နာနံ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါနဥ္စ၊ နတ်တို့၏ငှင်း။ ဝလာဟကာနံ၊ မိုးတိမ်ကို ဖြစ်တတ်စေကုန်သော။ ဒေဝါနဥ္စ၊ နတ်တို့၏ငှင်း။ သီသေသု၊ ဦးခေါင်းထက်တို့၌။ တိဋ္ဌန္တိ၊ တည်ကုန်၏။

ပဇ္ဇုန္နာ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါစ၊ နတ်တို့သည်ငှင်း။ ဝလာဟကာ၊ မိုးတိမ်ကို ဖြစ်စေတတ်ကုန်သော။ ဒေဝါစ၊ နတ်တို့ သည်ငှင်း။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ အနန္တဂုဏ-စက္ကေဟိ၊ ဤငါးပါးကုန်သောအဆုံးမရှိသော ဂုဏ်တော်တို့၏တန်ခိုး စက်တို့ကြောင့်။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ဒေဝေ၊ မိုးတို့ကို။ ဝဿာပေန္တု၊ ရွာစေကုန်သတည်း။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ မေဃေ၊ မိုးရေတို့ကို။ သိဉ္စာပေန္တု၊ သွန်းစေကုန်သတည်း။

အနန္တေဟိ၊ အဆုံးမရှိကုန်သော။ ဣမေဟိ ဗုဒ္ဓဂုဏစက္ကေဟိ၊ ဤဘုရားဂုဏ်တော် တန်းခိုးတော်စက်တို့ကြောင့်။ သမ္မာ၊ စွာ။ ဒေဝေ၊ တို့ကို။ ဝဿာပေန္တု၊ တည်း။ သမ္မာ၊ စွာ။ မေဃေ၊ တို့ကို။ သိဉ္စာပေန္တု၊ တည်း။

အနန္တေဟိ၊ ကုန်သော။ ဣမေဟိ ဓမ္မဂုဏစက္ကေဟိ၊တို့ကြောင့်။ပ။

အနန္တေဟိ၊ကုန်သော။ဣမေဟိ သံဃဂုဏစက္ကေဟိ၊တို့ကြောင့်။ပ။

www.dhammaransi.com



အနန္တေဟိ၊ ကုန်သော။ ဉာဏေဟိ မာတာပိတုဂုဏစက္ကေဟိ၊ တို့ကြောင့်။ ပ။

အနန္တေဟိ၊ ကုန်သော။ ဉာဏေဟိ အာစရိယဂုဏစက္ကေဟိ၊ တို့ကြောင့်။ သမ္မာ၊ စွာ။ ဒေဝေ၊ တို့ကို။ ဝဿာပေန္တု၊ တည်း။ သမ္မာ၊ စွာ။ မေဃေ၊ တို့ကို။ သိဉ္စာပေန္တု၊ တည်း။

ပဇ္ဇုန္နေဟိ၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝေဟိ စ၊ နတ်တို့သည်၎င်း။ ဝလာဟကေဟိ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝေဟိ စ၊ နတ်တို့သည်၎င်း။ အတ္တနော၊ မိမိ၏။ ကိစ္စေသု၊ အလုပ်ကိစ္စတို့၌။ ပမတ္တေဟိ၊ မေ့လျော့ကုန်သည်။ အဗျာဝဋေဟိ၊ အားမထုတ်ကုန်သည်။ အဗျာဝဋေဟိ၊ ကြောင့်ကြမစိုက်ကုန်သည်။ န ဘဝိတဗ္ဗံ၊ မဖြစ်ရာ။

အသံ၊ ဤသည်ကား။ သံဃသ္သ၊ သံဃာတော်၏။ အနုသာသနီ၊ အဆုံးအမတည်း။

ဣတိ၊ ဤသို့။ ပဇ္ဇုန္နာနံ၊ မိုးကိုရွာစေတတ်ကုန်သော။ တေသံ ဒေဝါနဉ္စ၊ ထိုနတ်တို့အား၎င်း။ ဝလာဟကာနံ၊ မိုးတိမ်ကို ဖြစ်စေတတ်ကုန်သော။ တေသံ ဒေဝါနဉ္စ၊ ထိုနတ်တို့အား၎င်း။ သမနုဘာသနာ၊ ပြောဆိုခြင်းကို၎င်း။ သမနုသာသနာ၊ တိုက်တွန်းခြင်းကို၎င်း။ ယဿ အာယသ္မတော၊ အကြင်အရှင်မြတ်အား။ ခမတိ၊ နှစ်သက်၏။ သော၊ ထိုအရှင်သည်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဿ၊ ဖြစ်ရာ၏။

ယဿ၊ အကြင်အရှင်မြတ်အား။ နက္ခမတိ၊ မနှစ်သက်။ သော၊ ထိုအရှင်သည်။ ဘာသေယျ၊ ပြောဆိုရာ၏။

www.dhammaransi.com



၅။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဧတမတ္ထံ၊ ဤအကြောင်းကို။ ဝဒါမိ၊ ပြောဆိုပါ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ ဣမသ္မိံ ဂါမက္ခေတ္တေ၊ ဌ။ပ။ သော၊ သည်။ ဘာသေယျ၊ ရာ၏။

၆။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဧတမတ္ထံ၊ ကို။ ဝဒါမိ၊ ၏။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊ လော့။ ဣမသ္မိံ ဂါမခေတ္တေ၊ ဌ။ပ။သော၊ သည်။ ဘာသေယျ၊ ရာ၏။

၇။ သံဃေန၊ သံဃာတော်သည်။ ပဇ္ဇုန္နော၊ မိုးကိုရွာစေတတ်ကုန်သော။ ဒေဝါ စ၊ နတ်ဘို့ကိုရင်း။ ဝလာဟကာ၊ မိုးတိမ်ကိုဖြစ်စေတတ်ကုန်သော။ ဒေဝါ စ၊ နတ်တို့ကိုရင်း။ သမနုဘဋ္ဌာ၊ တိုက်တွန်းပြောဆိုအပ်ကုန်ပြီ။ ပဇ္ဇုန္နေဟိ၊ကုန်သော။ ဒေဝေဟိ စ၊ တို့သည်ရင်း။ ဝလာဟကေဟိ၊ ကုန်သော။ ဒေဝေဟိ စ၊ တို့သည်ရင်း။ အတ္တနော၊ မိမိ၏။ကိစ္စေသု၊ အလုပ်ကိစ္စတို့၌။ ပမတ္တေဟိ၊ မေ့လျော့ကုန်သည်။ အဗျာဝဋ္ဋေဟိ၊ အားမထုတ်ကုန်သည်။ အပ္ပေါဿုက္ကေဟိ၊ ကြောင့်ကြမစိုက်ကုန်သည်။ န ဘဝိတဗ္ဗံ မဖြစ်ရာ။ ဣတိ၊ ဤသို့။ သံဃဿ၊ သံဃာတော်အား။ ခမတိ၊ နှစ်သက်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်နေ၏။ ဝေံ၊ဤသို့။ ဆိတ်ဆိတ်နေသဖြင့်။ ဧတံ၊ ဤနှစ်သက်သည်၏ အဖြစ်ကို။ ဓာရယာမိ။ မှတ်ယူပါ၏။

မိုးကမ္ဘဝါကြီး နိဿယပြီး၏။

မိုးကမ္ဘဝါစာတမ်းနှင့် ငါးရံ့ မင်းပရိတ်တော်ကြီး ပြီး၏။

www.dhammaransi.com

# ဓာရဏပရိတ် ပါဠိတော်

## (မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈-ပါး)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

ဗုဒ္ဓါနံ ဗာတ္တိံသလက္ခဏာနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊

တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

www.dhammaransi.com



၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋ္ဌမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယဘီတာနံ အင်္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ။ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ၊ နာနာဘယဝိကော၊ န ကောဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠ္ဟကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။

www.dhammaransi.com



၈။ တံ ဓာရဏပရိတ္တံ ယထာ ကတမေ! ဇာလော မဟာဇာလော၊ ဇာလိတ္တော မဟာဇာလိတ္တော၊ ပုဂ္ဂေ မဟာပုဂ္ဂေ၊ သမ္ပတ္တော မဟာသမ္ပတ္တော၊ ဘူတင်္ဂမို တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောဂမေ အနောဂမေ၊ သေဝေ အသေဝေ။ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရုက္ခေ မဟာယောရုက္ခေ၊ ဘူတင်္ဂမို တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရလာ ဒုဋ္ဌိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(မြော်လင့်ဖွယ်မရှိလောက်အောင် သေခါနီးဖြစ်နေသော သစ်ပင်များကိုသော်မှ ရှင်သန်စေနိုင်သော ပရိတ်တော်။)

၁၅.၁၀.၂၀

ပ-မ-သ-စ—၁၅၄—၅၀၀၀—၁၇-၇-၈၁

www.dhammaransi.com

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြွူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသေ့နိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတီ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသော်။ ဝသုန္ဓရေ၊ ဤမြေပံ့သု၊ သိလာထုလည်း၊ သက်သေအမှတည်စေသော်။

ဓမ္မဒါနရှင်

သိမ်ကြီးဈေး ဦးဘရင်-ဒေါ်မြသီ